
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုနိုင်မာရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဂန္ဓာရီဝိဇ္ဇာ

## မျက်နှာနှစ်လွှာ … ဘဝနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၅၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၀၀၆၁၁
၂၀၁၁ခုနှစ်၊ ဖွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာရီမြိုင်စာပေ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ဆုရှင်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ဂန္ဓာရီဝိဇ္ဇာ
မျက်နှာနှစ်လွှာဘဝနှစ်ခု/ ဂန္ဓာရီဝိဇ္ဇာ။ - ရန်ကုန်၊
ဂန္ဓာရီမြိုင်စာပေ၊ ၂၀၁၁။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) မျက်နှာနှစ်လွှာဘဝနှစ်ခု

# မျက်နှာနှစ်လွှာ ... ဘဝနှစ်ခု

## ပါဝင်သောအခန်းများ


အခန်း ၁။ အမြင့်ကြောက်ရောဂါရှင်
အခန်း ၂။ တစ်စုံတစ်ယောက်၏ ဝင်စီးနေသော မိန်းမ
အခန်း ၃။ ပထမ မျက်နှာတစ်လွှာပိုင်ရှင်
အခန်း ၄။ သချိုင်းသို့သွားသော အမျိုးသမီး
အခန်း ၅။ ကြာဖြူသွယ်၏အတိတ်
အခန်း ၆။ စိတ္တဇမျိုးရိုး
အခန်း ၇။ အဆန်းတကြယ်ဖြစ်ရပ်
အခန်း ၈။ အကူအညီတောင်းခံသူ
အခန်း ၉။ စောင့်ကြည့်သူ
အခန်း ၁၀။ အားနာတတ်သူ
အခန်း ၁၁။ အိပ်မက်ဆိုးများ
အခန်း ၁၂။ ပင်လယ်နှင့်ပျော်ရွှင်မှု
အခန်း ၁၃။ အချစ်နှင့်ရမ္မက်
အခန်း ၁၄။ ရုတ်တရက်ကွယ်လွန်ခြင်း


www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၅။ အမှောင်လမ်း

အခန်း ၁၆။ စကားပြောသောပန်းချီကား

အခန်း ၁၇။ ဒုတိယမျက်နှာအလွှာနှင့်မိန်းကလေး

အခန်း ၁၈။ ပြစ်မှုကျူးလွန်ခဲ့ကြသူများ

အခန်း ၁၉။ လူဝင်စားတစ္ဆေ

အခန်း ၂၀။ တိတ်တခိုး

အခန်း ၂၁။ မျက်နှာနှစ်ခု၏ဇာတိရုပ်

အခန်း ၂၂။ အေးရာငြိမ်းရာ


အကယ်၍သာ ကြည်တော်ဦးတစ်ယောက် ငယ်သူငယ်ချင်းဖြစ်သူ နီတောင်နှင့် ပြန်မဆုံခဲ့လျှင် ယခုကဲ့သို့ လျှို့ဝှက်ဆန်းကြယ်သော ဇာတ်လမ်းတစ်ပုဒ်ထဲ ပါဝင်လာစရာ အကြောင်းမရှိပါ။ ထို့အတူ ရင်ခုန်လှိုက်မောဖွယ်နှင့် တုန်လှုပ်ချောက်ချားစရာအဖြစ်တွေကိုလည်း ကြုံတွေ့လာမည်မဟုတ်။

သို့သော် ဘဝဇာတ်ကွက်တရားက သူ့ကို အေးအေးလူလူနေစေချင်ပုံမပေါ်။ ငြိမ်းငြိမ်းချမ်းချမ်းနေရသောအဖြစ်ကိုလည်း ကြည့်လိုပုံမရ။ ထို့ကြောင့် ဇာတ်လမ်းဆန်းဆန်းတစ်ပုဒ်ထဲသို့ မာယာများစွာဖြင့် ပါဝင်စေလိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အမြင့်ကြောက်ရောဂါရှင်

ကြည်ဇော်ဦး စားသောက်ခန်းမကြီးတစ်ခုလုံး သန့်ရှင်းသပ်ရပ်ကာ လေအေးပေးစက်ကြောင့် စိမ့်သက်သက်လေးအေးနေသည်။ စားပွဲပေါင်းအလုံး (၂၀)ကျော်ခန့်ရှိပြီး သစ်သားထိုင်ခုံတွေက ပေါ်လစ်ရောင်ဖြင့် တောက်ပြောင်နေသည်။ နံရံတွင် မော်ဒန်ပန်းချီကားများ ချိတ်ဆွဲထားသလို မျက်နှာကျက်တွင် ဝါဖျော့ဖျော့ပန်းမီးဆိုင်များ ချိတ်ဆွဲထားခြင်းကြောင့် အလွန်ပင် ပနံရလှ၏။

သူသည် ဆိုင်လေးသို့ မကြာမကြာ လာသောက်ဖြစ်သည်။ နိုင်ငံခြားအရက်အမျိုးအစားစုံလင်လှသည့်အပြင် အစားအစာတွေကလည်း ဖွယ်ဖွယ်ရာရာတွေပင်။ တရုတ်အစားအစာ၊ ထိုင်းအစားအစာ၊ မလေးရှားအစားအစာတို့သာမက ဥရောပအစားအစာတချို့လည်း ရရှိသည်မို့ သူမျက်စိကျသွားတာလည်းပါသည်။

သူ ဘလက်လေဘယ် လက်နှစ်လုံးလောက်ကို ခွက်ထဲထည့်၊ ဆော်ဒါရော၊ ရေခဲတုန်းလေးတွေ ပစ်ချလိုက်ပြီး တစ်ငုံစာ ငုံလိုက်သည်။ ပါးစပ်များမှ တစ်ဆင့် လည်ချောင်းဝသို့တိုင် အေးရှရှလေးဖြင့် စီးမျောဖြတ်သန်းကာ အစာအိမ်ဆီသို့ ချီတက်သွားလေသည်။

**ခိုရင့်အောင်စာပေ**



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှေ့တွင်ချထားသော အမြည်းပန်းကန်ပြားသုံးမျိုးထဲမှ အမဲသား ချိုချဉ်နှပ်တစ်ဖက်အား ခက်ရင်းဖြင့်ထိုးလျက် ဝါးလိုက်သည်။ ဘယ်လိုလုပ်ထား သည်မသိ။ အလွန်အရသာရှိလှပါသည်။

ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိကာ အားပါးတရ ဖွာရှိုက်ရင်း သူ့ရှေ့တည့်တည့်တွင်ရှိနေသော မော်ဒန် ပန်းချီကားတစ်ချပ်ကို ငေးကြည့်နေမိ သည်။ အပြာရောင် ခပ်မှိုင်းမှိုင်းအောက်ခံပေါ်တွင် လှိုင်းလုံးတွေလိုလို၊ ချောက် ကမ်းပါးလိုလို၊ ကမ်းခြေလိုလို ဘယ်လိုအဓိပ္ပာယ်သတ်မှတ်ရမှန်းမသိသော စုတ်ချက်တွေဖြင့် ရေးခြစ်ထားသည်။ သူ့လိုအနုပညာနှင့် အလှမ်းဝေးသူ တစ်ယောက်အတွက်တော့ ဘယ်လိုခံစားရမှန်းမသိတော့။ စိတ်ထဲတွင်တော့ ဟိုခြစ်သည်ခြစ် လျှောက်ခြစ်ထားတာဟု မြင်သည်။ သည်လိုရေးခြယ်ထားသော ပန်းချီကားကို သည်လိုခမ်းနားသည့် ခန်းမဆောင်ထဲတွင် တခုပ်တရ ချိတ်ဆွဲ ထားသည်မှာလည်း ပေါ့ပေါ့တန်တန်တော့ မဟုတ်နိုင်ဟုတွေးသည်။ ခုလို အချိန်မျိုး သူ့အနားတွင် မေသက်တစ်ယောက်သာရှိမည်ဆိုလျှင် သူ့ကို ကျကျ နနခံစားပြလိမ့်မည်ဟု ယုံကြည်သည်။ မေသက်က ပန်းချီဆရာမတစ်ဦးမို့ပင်။

ထိုအခါ သူ့ခေါင်းထဲသို့ မေသက်အကြောင်းရော၊ သူ့ဘဝအကြောင်း ရော တန်းစီဝင်ရောက်လာခဲ့သည်။

သူငယ်စဉ်ကပင် မိဘနှစ်ပါးဆုံးပါးခဲ့သည်။ မွေးချင်းမရှိ၊ တစ်ဦးတည်း သောသား။ အဖေ့ညီက သူ့ကိုမွေးစားခဲ့သည်။ ဦးလေးမှာလည်း ပိုက်ဆံကျိုကျို တက်ချမ်းသာသလောက် အိမ်ထောင်ရေးကံမကောင်း။ စောစောစီးစီးပင် မုဆိုးဖို ဘဝရောက်ခဲ့ရ၏။ သားသမီးရတနာမထွန်းကား။ ထို့ကြောင့် သူ့ကိုသားအရင်း တစ်ယောက်လို ချစ်ခဲ့သည်။ ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ကာ ပညာသင်ကြားစေခဲ့သည်။

သူ ပညာရေးတွင် ထူးချွန်သူတစ်ယောက်တော့ မဟုတ်ပါ။ အညံ့ဆုံး





စာရင်းတွင် မပါဝင်ရုံလောက်သာ။ တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်ခဲ့ သည်။ ဂုဏ်ထူးဆိုတာတော့ စိတ်ကူးနှင့်ပင်မမှန်းရဲ။

ဆယ်တန်းကို နှစ်နှစ်ဆက်ဖြေမှအောင်သည်။ နောက် ... ဝိဇ္ဇာတွဲ ဘွဲ့လေးတစ်ဘွဲ့ကို ရခဲ့သည်။ သူဘွဲ့ရပြီးသည့်အခါ အငြိမ့်သားထိုင်စားလို့ရ သော်လည်း ဦးလေးက လူနှင့်အလုပ်ဆိုသောအရာကို တွဲဖက်သိမြင်လာစေရန် သူကြိုက်တာကို လုပ်ခွင့်ပြုလိုက်သည်။ သူ့ဘက်ကလည်း အလုပ်လုပ်ရခြင်း အပေါ် ပျင်းရိမှုမျိုးတော့မရှိခဲ့ပါ။

ကုမ္ပဏီတွေတွင် ဝင်လုပ်ခဲ့သည်။ အမျိုးမျိုးသော လူတွေနှင့်ဆက်ဆံ ရသည်။ အမျိုးမျိုးသောလူတွေနှင့် ကြုံတွေ့ခဲ့ရသည်။ လူမှုဝန်းကျင်၏ မာယာ ပရိယာယ်တွေကို သိမြင်ခဲ့ရသည်။ မြောက်မြားစွာသော စိတ်တွေနှင့်ထိပ်တိုက် တိုးခဲ့ရသည်။ သူ့အတွက် အတွေ့အကြုံသစ်၊ ဗဟုသုတအသစ်တွေ ရရှိခဲ့သည် ဟု ပြောရပေမည်။

သည်ကြားထဲတွင် ဦးလေးက သင့်တော်သူတစ်ယောက်နှင့် နေရာချ ထားပေးမည်ဟု ဆိုလာသည်။ ကြိုတင်စဉ်းစားမထားသောကြောင့် သူ့အတွက် အကျပ်ရိုက်သွားသည်။ ထိုအချိန်ထိ သူ့ရင်ကို လှုပ်ခတ်နိုင်အောင် ပြုနိုင်သူ မိန်းကလေးတစ်ယောက်မှ မရှိသေး။

''ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး ဦးလေး''

''အခု ... မင်း အသက် သုံးဆယ်နားကပ်နေပြီ၊ ဒီအချိန်မှ အိမ်ထောင်ရေးကိုမစဉ်းစားရင် ဘယ်ဖြစ်မလဲကွ၊ ပြီးတော့ ... ငါ့ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး''

ဦးလေးတွင် ရောဂါတွေကစုံသည်။ သွေးတိုးရော၊ နှလုံးရော၊ ဆီးချို ရော။ တစ်နေ့ တစ်နေ့ ဆေးတွေသောက်နေရတာ ပဲကြီးလှော်တွေ ဝါးစားနေ သလိုပင်။ သူမျက်စိမမှိတ်ခင် သူ့အား သားမယားနှင့် တင့်တင့်တယ်တယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သွားစေချင်သည်။ မတော်မတည့်သည့် မိန်းမမျိုးနှင့်ရသွားမှာလည်းစိုးသည်။ ထို့ကြောင့် သူက ကျားကုပ်ကျားခဲ ရှာဖွေထားသည်ဟုဆို၏။ ထိုအမျိုးသမီးနာမည်က မေသက်။

သူမတွင် အဖေသာရှိပြီး အမေမရှိ။ အသက်က အစိတ်ဝန်းကျင်။ မျက်နှာက အလှကြီးဟုမဆိုသာသော်လည်း ကြည်ကြည်လင်လင်နှင့် ရိုးရိုးရှင်းရှင်း။ ကိုယ်လုံးကိုယ်ပေါက်က မဆိုးလှပါ။ သူမက ပန်းချီဆရာမ။ ငယ်စဉ်ကတည်းကပင် နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများတွင် ဆုရကာ အရွယ်ရောက်တော့ ပန်းချီကျောင်းတက်ခဲ့သည်။ အဖေက ထင်ရှားသည့် ပန်းပုဆရာတစ်ဦး။ သို့မို့ကြောင့်လည်း သမီး၏ဝါသနာကို ရေဆုံးရေဖျား မြေတောင်မြှောက်ပေးနိုင်ခြင်းဖြစ်၏။ အချမ်းသာကြီးမဟုတ်သော်လည်း တင့်တောင်းတင့်တယ်နေနိုင်သည်။ သူမ၏ စရိုက်ပိုင်းကတော့ ဘာမျှဆိုဖွယ်ရာမရှိ။

ဦးလေးက မေသက်နှင့်ပေးတွေ့သေးသည်။ မေသက်က ယောက်ျားတစ်ယောက်ရှေ့တွင် ရှိုးတန့်ရှန့်တန့်ဖြစ်မနေ။ သွက်သွက်လက်လက် ပွင့်ပွင့်လင်းလင်းပင်ပြောသည်။ ဟန်ဆောင်မှုမရှိ။

သူနှင့်မေသက် ရင်းရင်းနှီးနှီးဖြစ်ခဲ့သော်လည်း ဇနီးမယားတစ်ယောက်အဖြစ် လက်ထပ်ယူဖို့တော့ ဝန်လေးနေသည်။ ဖြစ်နိုင်လျှင် သူငယ်ချင်းကောင်းတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ဦးအဖြစ် လက်တွဲချင်သည်။

သို့ဖြင့် သူအချိန်ဆွဲနေလိုက်သည်။ ဦးလေးကလည်း အတင်းအကျပ်တော့မဟုတ်ပါ။ အကယ်၍ သူချစ်ရမည့်သူတွေ့လာလျှင်လည်း မငြိုမငြင်ပေးစားမှာဖြစ်သည်။ လက်မထပ်ဖြစ်သေးသည့်တိုင် သူမေသက်ဆီ မကြာမကြာသွားလည်ဖြစ်သည်။ မေသက်မှာ ဗဟုသုတကြွယ်ဝသည်။ အတွေးအခေါ်ထက်မြက်သည်။ အကြံကောင်း အညာဏ်ကောင်းတွေ ပေးနိုင်သည်။ မေသက်နှင့်စကားပြောရဆိုရတာ စိတ်ချမ်းသာသည်။ ပျော်ရွှင်ရသည်။ စကားဆန်းတွေကြားရသည်။





တစ်နေ့ သူငယ်ချင်း၏ မဲဆွယ်မှုကြောင့် နိုင်ငံခြားတွင်အလုပ်လုပ်ရန်ဖြစ်လာသည်။ ဦးလေးထံ ခွင့်တောင်းသောအခါ ...

"အင်းလေ ... အတွေ့အကြုံလိုချင်တယ်ဆိုရင်တော့ လိုက်သွားပေါ့"

သားအရင်းလိုဖြစ်နေသည့်မို့ ကောင်းရာကောင်းကြောင်းအလုပ်ဆိုလျှင် အမြဲတမ်း လိုက်လျောတတ်သူပင်။

နိုင်ငံခြားတွင် သူနှင့်သူ့သူငယ်ချင်း ဆောက်လုပ်ရေးပိုင်းတွင် ဝင်လုပ်သည်။ ပင်ပင်ပန်းပန်းလုပ်ရသလို နိုင်ငံခြားအလုပ်သွားလုပ်သည်ဆိုသောလူတွေအတွက်လည်း ခံစားနားလည်ခဲ့ရသည်။ သူ့ကိုသိသူတချို့က အိမ်တွင်အခန့်သားနေနိုင်သူတစ်ဦးက သည်လိုနေရာမျိုးတွင်လာ၍ ဒုက္ခခံနေခြင်းကို နားမလည်နိုင်။

"ကိုယ်ပိုင်တိုက်နဲ့ကားနဲ့နေနိုင်တဲ့ကောင်ကများကွာ၊ မင်းမို့လို့"

အထပ်နှစ်ဆယ်ကျော် တိုက်တာအဆောက်အဦတွေအပေါ် တက်လုပ်ရတာမျိုးရှိသည်။ တကယ့်ကို သက်စွန့်ဆံဖျားပင်။

တစ်ရက် ...

(၂၄)ထပ်မြင့်သောတိုက်ပေါ်မှ သူ့သူငယ်ချင်း မတော်တဆ ခြေချော်သွားသည်။ ဆွဲမိဆွဲရာ အမိုးအလက်ပြားကိုသာ ဆွဲမိသည်။ သူငယ်ချင်းအောက်သို့ကြည့်သည်။ ဟိုးအောက်က မြေပြင်တွင် အရာဝတ္ထုတွေက သေးသေးလေးသာရှိနေ၏။ လေက တဝူးဝူးနှင့်။ သူကမြင်လျှင်မြင်ချင်း အပြေးအလွှားသွားသည်။ သူငယ်ချင်းက သူ့ကိုဆွဲရန် လက်ကမ်းပေးသည်။ သူကလည်း လက်လှမ်းပေးသည်။ သူ့လက်ကို မမှီတမီ လှမ်းယူသည်။

ပထမ သူငယ်ချင်း၏ ဦးထုပ် လေထဲလွင့်သွားသည်။ နောက်ဆုတ်ကိုင်ထားသော လက်များပြေလျော့ကာ သူငယ်ချင်း၏ ခန္ဓာကိုယ်တစ်ခုလုံးလေထဲ ပြုတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''အား ... ''

အော်လိုက်သည့်အသံက အသံနက်ကြီး။ ရင်ခေါင်းလှိုက်သံကြီး။ ဆို့ဆို့နင့်နင့်ကြီး။ သူ့မှာ အောက်သို့ငုံ့ကြည့်ရင်း ချွေးသီးချွေးပေါက်တွေ ရွှဲနစ်လျက် ချောက်ချောက်ချားချားဖြစ်သွားသည်။ သူ့ယပ်ချင်းမှာ ကွန်ကရစ်အခင်းပြင်ပေါ်တွင် ဆန့်ဆန့်ကြီး။

ထိုအချိန်မှစကာ သူ့တွင် ရောဂါတစ်ခုတိုးလာခဲ့သည်။ ယင်းမှာ–

''အမြင့်ကြောက်သောရောဂါ''

အကာအရံမရှိသော နေရာများတွင် ပေ(၂၀)ထက်ကျော်သော အမြင့်များကို လုံးလုံးတက်၍မရတော့။ တက်သည်နှင့် မူးဝေလာသည်။ မိုက်ခနဲမိုက်ခနဲဖြစ်လာသည်။ ဒူးတွေတုန်လာသည်။ ချွေးတွေပြန်လာသည်။ မျက်လုံးတွေ ပြာဝေလာသည်။ ထို့ကြောင့် သူဆောက်လုပ်ရေးလုပ်ငန်းတွင် ဆက်လုပ်လို့မဖြစ်တော့။ ထွက်လိုက်ရ၏။ သူ့ယပ်ချင်းအတွက်လည်း ယူကျုံးမရဖြစ်ခဲ့ရ၏။

ယင်းကာလမှာပင် ဦးလေးအသည်းအသန်ဖြစ်နေသည်ဟူသော သတင်းရသောကြောင့် နိုင်ငံခြားမှအမြန်ပြန်လာခဲ့ရသည်။ သို့သော် ... ဦးလေး၏ အသက်ကိုတော့ မမီတော့ပါ။ ဦးလေးက သူ့ပိုင်ဆိုင်သမျှအမွေတွေ အကုန်လုံး ရှေ့နေနှင့်လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက်ပိုင်းတွင် သူအလုပ်ကို မည်မည်ရရ မလုပ်ချင်တော့။ စိတ်ဓာတ်တွေ အလိုလိုနေရင်းကျနေသလိုလို၊ ရုံမန်ရုံခါဆိုသလို မသေက်ဆိုသို့ သွားဖြစ်ခဲ့သည်။ လက်မထပ်ဖြစ်ခဲ့သော်လည်း အခင်အမင်ဆက်ဆံရေးကတော့ အရင်ကထက်ပင် နွေးထွေးလာသည်ဟု ဆိုနိုင်သည်။ သူမရေးသောပန်းချီကားတွေ ကြည့်သည်။ သူမနှင့်စကားတွေပြောမည်။ အကြောင်းတိုက်ဆိုင်လာလျှင် ဆိုင်ကောင်းကောင်းရှာဖွေ၍ ညစာအတူတူစားကြမည်။ ထိုသို့ဖြင့် သူစိတ်တွေကို ဖြေသိပ်နေရ၏။

ရဲရင့်အောင်စာပေ



သူလက်ကိုင်ဖုန်းလေးကို ထုတ်လိုက်သည်။ ခလုတ်လေးတွေနှိပ်ပြီးနောက် ...

''ဟဲလို ... ရဲလေးလား''

''ဟုတ်ကဲ့ ... ဆရာ''

''မင်းနောက်ထပ် တစ်နာရီလောက်ကြာရင် ငါထိုင်နေကျဆိုင်ကို ရောက်လာခဲ့၊ ငါ အခုအရက်သောက်နေတယ်၊ မင်း ကားမောင်းရမှာ''

''ဟုတ်ကဲ့ ... ဆရာ ကျွန်တော်လာခဲ့ပါ့မယ်''

ရဲလေးမှာ သူအဖော်ခေါ်ထားသည့်ကောင်လေး။ အိမ်မှုကိစ္စလုပ်ဖို့၊ သန့်ရှင်းရေးလုပ်ဖို့၊ ခြံကို ဂရုစိုက်ဖို့နှင့် ကားမောင်းဖို့ လခပေးထားသူ။

ဦးလေးမရှိသည့်နောက် မည်သည့်မိန်းမကိုမှ ခြံတွင်မထားတော့ပါ။ ဒကာလူပျိုလူလွတ်တစ်ယောက်မို့ လွတ်လွတ်လပ်လပ်နေချင်တာလည်းပါသည်။ ရဲလေးကိုတော့ ဘာမှအားနာစရာမလို။ ဆူချင်ဆူ ဆဲချင်ဆဲ။ နိုင်းချင်ရာခိုင်း။ ဆင်ပေါ့ပေါ့နှင့် လုပ်ပေးတတ်သူ။ အိမ်လုံခြုံရေး စိတ်ချရသူ။

သူဖုန်းဆက်ပြီးနောက် အရက်ဆက်သောက်နေလိုက်သည်။ ဆိုင်ထဲတွင် လူများများစားစားမရှိပါ။ ခပ်လှမ်းလှမ်းမှ သုံးလေးဝိုင်းလောက်သာ မိသားစုနှင့် စားနေကြသူတွေရှိသည်။

သိပ်မကြာ။ ဆိုင်ထဲသို့ သုံးလေးယောက်အုပ်စုတစ်စု ဝင်လာသည်။ သူနှင့်မလှမ်းမကမ်းတွင်ရှိသောဝိုင်းတွင် ထိုင်လိုက်ကြသည်။ ကြည့်ဖော်ဦး ... ချက်သာကြည့်လျက် ကိုယ့်အရက်ကိုယ် ဆက်သောက်နေလိုက်၏။ ... မကြာ။

''ဟော့ကောင် ... ကြည့်ဖော်ဦး''

အားတက်သရော ခေါ်လိုက်သည့်အသံ။ သူလှမ်းကြည့်တော့ ...

''ဟာ ... နီမောင်''

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်နီမောင်တို့ အထက်တန်းတစ်လျှောက်လုံး တွဲလာခဲ့သူတွေ၊ တက္ကသိုလ်ရောက်မှ ကွဲခဲ့ကြခြင်းဖြစ်သည်။

"စောစောက မင်းတို့အဖွဲ့ဝင်လာတာတွေ့တယ်၊ ဖြူနီးခနဲဆိုတော့ မမှတ်မိဘူး၊ မင်းတော်တော်ဝလာတာပဲ၊ မျက်မှန်နဲ့ဆိုတော့ မမှတ်မိဘူး"

"မင်းကတော့ အရင်အတိုင်းပဲ၊ ဘာမှမပြောင်းလဲဘူး၊ မင်းကိုတွေ့ရတာ ဝမ်းသာလိုက်တာကွာ"

နီမောင်မှာ တကယ့်ကို ဝမ်းသာအယ်လဲဖြစ်ကာ မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်သည်။ ကျောင်းတုန်းကအကြောင်းတွေ ဟိုတစ်စ သည်တစ်စ အားပါးတရပြောဖြစ်ကြသည်။ ပြီးတော့ – သူ့လက်ရှိ အခြေအနေအကြောင်းကိုမေးသည်။

"ဒါဆို – နိုင်ငံခြားအလုပ်သွားလုပ်လိုက်တာ အမြင့်ကြောက်ရောဂါ ရလိုက်တာ အမြတ်ပေါ့"

"အင်း … အဲဒီလိုပဲ ပြောပါတော့ကွာ"

"အခုကိစ္စတစ်ခု အဆင်ပြေလာလို့ ဒီမှာလာသောက်ကြတာ၊ လူရင်းတွေတော့ မဟုတ်ပါဘူး – ဝယ်လက်တွေ"

"မင်းက ပွဲစားပေါ့"

"အကျိုးဆောင်လို့ ပြောစမ်းပါသူငယ်ချင်းရာ – ဟား – ဟား"

"ထူးမခြားနားပါကွာ"

"လက်ရှိ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေတယ်၊ ပွဲစားက ကြားပေါက်အလုပ်"

"အေးကွာ၊ မင်းကိုတွေ့တော့ ငါပြောချင်တာတွေ အများကြီးဖြစ်သွားပြီ၊ မင်းအချိန်ရတယ်မဟုတ်လား၊ ငါ သူတို့ဆီ ခဏသွားလိုက်ဦးမယ်၊ ပြီးရင် မင်းရယ်ငါရယ် နှစ်ယောက်တည်း အေးအေးဆေးဆေးပြောစရာရှိတယ်"





"ငါ့အတွက်က ကိစ္စမရှိပါဘူး၊ မင်းအတွက်သာ အဆင်ပြေရင် ပြီးတာပဲ"

"ရတယ် – ကိစ္စမရှိဘူး၊ သူတို့က မကြာခဏတွေ့နေရတဲ့လူတွေ၊ မင်းနဲ့သာ အချိန်အကြာကြီးကွဲနေပြီး အခုမှပြန်တွေ့ရတာ၊ ခဏနော် သူငယ်ချင်း – ငါ သူတို့ကိုသွားပြောလိုက်ဦးမယ်၊ ဒီညအဖို့တော့ ကြိုက်သလောက်သောက်၊ ကြိုက်တာမှာ ငါဒကာခံမယ်"

သူက ပြောပြောဆိုဆို တစ်ဖက်ဝိုင်းသို့ ကူးသွားသည်။



www.burmeseclassic.com

## တစ်စုံတစ်ယောက်ဖါဝင်စီးနေသော မိန်းမ

နီမောင်က သူ့မိတ်ဆွေများနှင့် ကိစ္စပြီးပြတ်သွားသောအခါ သူ့ပိုင်းတွင် စိတ်ချလက်ချလာထိုင်၏။ အရက်တွေ ထပ်မှာသလို အမြည်းတွေလည်း ထပ်မှာသည်။

''ဟော့ကောင် _ သိပ်လောဘမကြီးနဲ့''

''ကြာတုန်းလေးပါကွာ၊ ချစမ်းပါ''

ယင်းနောက် _ သူက အရက်သောက်ရင်း သူ့ဘဝကို ရင်ဖွင့်လေသည်။

''ငါဆယ်တန်းမအောင်လိုက်ဘူး၊ နောက်တော့ ဟိုဟာလေးဝင်လုပ်၊ ဒီဟာလေးဝင်လုပ်နဲ့ စီးပွားရေးလောကထဲမှာ ဝဲလှည့်နေတော့တာပဲ၊ ဒီမှာတင် ငါအိမ်ထောင်ကျတယ်၊ မိုးမိုးတဲ့၊ မိဘအရင်းတွေကို မသိဘူး၊ လက်ရှိက မွေးစားအဖေအမေတွေ၊ သဘောမနော မဆိုးသလို ပစ္စည်းလေးကလည်း အသင့်အတင့်ပေါ့၊ ငါ သူ့ကို လက်ထပ်လိုက်တော့ သူ့ဘက်က လုပ်ကိုင်စားသောက်ဖို့ဆိုပြီး သိန်းနှစ်ရာလက်ဖွဲ့လိုက်တယ် _





အရောင်းအဝယ်လောကကို ဝင်လိုက်တယ်၊ ငါကလည်းငါပါပဲကွား ငွေလေးလက်ထဲရှိတော့ ဟိုဟာလေးလိုလို သည်ဟာလေးလိုလိုနဲ့ နောက်တော့ ပိုက်ဆံခေါင်းကွဲပြီး အရင်းအနှီးတွေလျော့သွားတာကလွဲရင် ဘာမှအကျိုးထူး မရှိခဲ့ဘူး၊ သည်တော့ ... အိမ်ထောင်ရေးက အဆင်မပြေချင်တော့ဘူး။ ပြဿနာ ဟိုတစ်စ သည်တစ်စနဲ့ အိမ်ထောင်ရေး မီးခိုးတွေအူလာရော ဆိုပါတော့ ...

နောက်တော့ မာနလေးတွေကိုယ်စီနဲ့ လမ်းခွဲလိုက်ကြတယ်၊ လင်ခန်း မယားခန်းအပြတ် စာချုပ်နဲ့ကို ကွာရှင်းလိုက်ကြတာ၊ ပိုင်ဆိုင်မှုငွေကြေးနဲ့ ပစ္စည်း ဥစ္စာတွေကိုလည်း တစ်ဝက်ဆီခွဲဝေယူခဲ့တယ်၊ သည်လို စာချုပ်စာတမ်းနဲ့ ထိထိကျကျ ကွာရှင်းပြတ်စဲလိုက်တော့ သူကလည်း သူကြိုက်တဲ့လူယူ၊ ငါကလည်း ငါကြိုက်တဲ့လူယူ၊ ဒါမျိုး _ ဒီလိုနဲ့ (၂)နှစ်လောက်ကြာသွားတယ်၊ ဒီနေရာမှာ ထူးဆက်ဖြစ်လာတာက သူ့ကိုမပြတ်နိုင်တာပဲ၊ ပထမဦးဆုံးလက်ထပ်ခဲ့တဲ့သူပဲ ကွာ၊ ကြာတော့လည်း ပြန်တမ်းတတာပေါ့၊

နောက်တော့ ငါသူ့ဆီပြန်ပြီး ချဉ်းကပ်ခဲ့တယ်၊ အမျိုးမျိုးတောင်းပန်ခဲ့ တယ်၊ အမျိုးမျိုး အသနားခံခဲ့တယ်၊ ဒါပေမယ့် သူက ပြန်ပေါင်းဖို့တော့ မဖြစ် နိုင်တော့ပါဘူးတဲ့၊ သူမှာ ငယ်ငယ်ရွယ်ရွယ်ရှိသေးတာမို့ နောက်ထပ်အကြိုက် တွေ့လာရင် လက်ထပ်ချင်လက်ထပ်ပါဦးမယ်တဲ့ ... ဒါပေမယ့် မိတ်ဆွေ တစ်ယောက်လို သူငယ်ချင်းတစ်ယောက်လို ဆက်ဆံရေးမျိုးဆိုရင်တော့ ငါ့ကို လက်ခံပေးမယ်တဲ့ ...

ဘယ်လိုမှပြောမရတဲ့ အဆုံးမှာတော့ သူပြောသလိုပဲနေပေးရတာပေါ့ ကွာ နောက်ပိုင်းမှာ _ နောက်ပိုင်းတစ်ကာလှာ၊ ဒီလိုအခွင့်အရေးလေးရတာပဲ ကောင်းလှပြီ''

''ဒါဆို အဆက်အဆံတော့ ရှိတယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် _ ရှိတယ်၊ အဲသလိုရှိလို့လည်း မိုးမိုးရဲ့ထူးခြားမှုတွေကို တွေ့လာရတာ"

"ဘာထူးခြားမှုလဲ"

သူက လက်ကလေးကာလျက် ...

"ပြောမှာပေါ့ကွာ၊ အဲဒီထူးခြားမှုတွေကိုပြောချင်လို့ မင်းနဲ့အတူတူ ထိုင်ခဲ့တာပေါ့"

နီမောင်က အရက်တစ်ငုံကို မော့လိုက်သည်။ ချို့(စ်)လေးတစ်တုံးကို ကောက်ယူဝါးရင်း ...

"မိုးမိုးဟာ အရင်မိုးမိုးမဟုတ်တော့ဘူး။ တစ်မျိုးကြီးဖြစ်နေတာ၊ စကား ပြောရင်လည်း မှမှန်ချင်ဘူး။ သူ့ကိုယ်ထဲမှာ တစ်စုံတစ်ယောက်ဝင်စီးနေသလို လို၊ စိတ်နဲ့ကိုယ် မကပ်တဲ့သဘောပဲ၊ တစ်ခါတလေ သူတစ်ယောက်ဥည်း ကားမောင်းပြီးထွက်သွားတတ်တယ်၊ ဘယ်ရောက်လို့ရောက်ခဲ့မှန်းလည်း သူမသိဘူး၊

မေးလို့လည်းမရဘူး _ မိုင်နှုန်းပြခွက်မှာတော့ မိုင်တွေတော်တော် တက်နေတယ်"

"စိတ်ရောဂါကုဆရာဝန်ကိုပြကြည့်ပါလား"

"ဟာ _ ငါသာပြောရင် ခါးခါးသီးသီးငြင်းရုံတင်မကဘူး။ ရန်တောင် တွေ့လိုက်ဦးမှာ၊ နောက် _ ငါရထားတဲ့အခွင့်အရေးလေးဆုံးမှာ"

"ဒီလိုဆိုတော့ မင်းကဘာလုပ်မှာလဲ"

"ငါ့ကို အကူအညီတစ်ခုပေးကွာ"

"ဘာပေးရမှာလဲ"

"မိုးမိုးကို မင်းလေ့လာကြည့်ပေးပါ"

"ဟာ ... သူများကိစ္စ ရှုပ်ရှုပ်ယှက်ယှက်ကွာ"





"သူများမဟုတ်ပါဘူး။ မင်းသူငယ်ချင်းမိန်းမပါ။ တစ်ခါလောက်တည်း ပါ၊ သူ့အမူအရာကို အဝေးကနေ လှမ်းအကဲခတ်ပေးရုံပါ"

သူ စိတ်အိုက်သွားသည်။ နဂိုကတည်းက အမျိုးသမီးများနှင့်ကင်း ကင်းရှင်းရှင်းနေလိုသူ။ သူများအရေးကြားထဲ ဝင်ပါချင်သူမဟုတ်။

"လုပ်ပါ သူငယ်ချင်းရာ"

နီမောင်မှာ သူ့ကိုအမျိုးမျိုး ဂျီတိုက်နေတော့၏။

"သူက ဘယ်မှာနေတာလဲ"

နီမောင်က မိုးမိုးနေသော အိမ်ကိုပြောပြရာ သူသိနေသော အိမ်ပင် ဖြစ်နေ၏။ ဆိတ်ငြိမ်ရပ်ကွက်တစ်ခု။

"အဲဒီလမ်းထဲမှာ ငါ့အသိတွေရှိတယ်၊ မင်းမိန်းမအိမ်ကို ကောင်း ကောင်းမှတ်မိတယ်"

"မင်းအိမ်ထိ သွားစရာမလိုဘူး။ မနက်ဖြန် ငါ သူ့ကို ညစာစားဖို့ ခေါ်လာခဲ့မယ်၊ မင်း ... ရွှေအိမ်စည် စားသောက်ခန်းမကိုလာခဲ့၊ မင်း ခပ် လှမ်းလှမ်းကနေ အကဲခတ်ကြည့်၊ လိုအပ်လို့ မင်းစိတ်ဝင်စားရင် သူနဲ့ မိတ်ဆက်ပေးမယ်"

ကြာတော့ သူမငြင်းချင်တော့ပါ။

"ဘယ်အချိန်လဲ"

"ညနေ(၇)နာရီဆို ငါတို့ရောက်နေပြီ"

"ကောင်းပြီလေ _ ငါလာခဲ့မယ်"

ယင်းနောက် _ သူတို့တွေရာလေးပါး ရောက်တတ်ရာရာလေးတွေ ပြောနေစဉ် ရဲလေးရောက်လာသောကြောင့် စကားစဖြတ်လိုက်ကြ၏။

"ဟေ့ကောင် _ မနက်ဖြန် ဆက်ဆက်လာခဲ့နော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့နှစ်ယောက် နှုတ်ဆက်ကာ လမ်းခွဲလိုက်ကြလေသည်။

♐ ❖ ♐



## ပထမ မျက်နှာတစ်လွှာပိုင်ရှင်

နောက်တစ်နေ့ ည(၇)နာရီ ကျော်ကျော်ခန့်။

ကြည်ဇော်ဦး ရွှေအိမ်စည် စားသောက်ခန်းမထဲဝင်တော့ ဝိုင်းတချို့တွင် စားသောက်နေကြတာမြင်သည်။ လူကုံထံအသိုင်းအဝိုင်းလောက်သာ သောစားတတ်သည့်ဆိုင်မို့ သိပ်ဆူဆူညံညံမရှိ။ ကိုယ့်ဟန်ကိုယ့်စတိုင်နှင့် စားသောက်နေကြသည်။

သူဆိုင်ထဲသို့ ဝင်လျှင်ဝင်ချင်း မျက်လုံးကို လျင်လျင်မြန်မြန်ဝေ့ဝိုက်အသုံးပြုလျက် နီမောင်ကိုရှာသည်။ ထင်သာမြင်သာသည့် နေရာတွင်မရှိ၊ ဆိုင်၏ထောင့်စွန်းကျကျ စားပွဲဝိုင်းတွင်တွေ့လိုက်သည်။ နီမောင်လည်း သူ့ကိုလှမ်းတွေ့သွားသည်။ သူက ခေါင်းလေးတစ်ချက် ဆတ်ပြကာ သူတို့နှင့်အနီးဆုံးဝိုင်းတစ်ဝိုင်းတွင် နေရာယူလိုက်၏။ အမျိုးသမီးမှာ နီမောင်နှင့်မျက်နှာချင်းဆိုင်ထိုင်နေသည်မို့ သူ့ကိုကျောပေးထားသလိုဖြစ်သည်။

သူ သည်နေ့ သောက်ရန် အစီစဉ်မရှိပါ။ ထို့ကြောင့် ကြေးအိုးတပွဲမှာလျက် မိုးမိုးဆိုသော အမျိုးသမီးကို လှမ်းအကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အစိမ်းရောင်ခပ်ပျော့ပျော့ဝတ်စုံ ဝတ်ဆင်ထားသည်။ ဝတ်စုံနှင့်လွတ်နေသော ကျောပြင်နေရာမှ အသားရောင်က စိမ်းမြဝင်းမွတ်လျက်။ မွေးညှင်းစိမ်းစိမ်းလေးတွေပင် လှမ်းမြင်နေရသလို။ ခန္ဓာကိုယ်အချိုးအစားကျနကာ လက်ရာမြောက် ပန်းပုရုပ်တုလေးလိုဖြစ်နေသည်။ ဦးခေါင်းထက်ဆီမှ မဟော်ဂနီရောင်နှင့် အနက်ရောင်ရောစပ်ထားသော ဆံပင်ကို သပ်ရပ်စွာထုံးဖွဲ့ထားသောကြောင့် ကျော့ရှင်းသော လည်တိုင်ကိုပင် လှမ်းမြင်နေရ၏။

"ဒါကြောင့်မို့ ဒီကောင်မပြတ်နိုင်တာ"

စိတ်ထဲမှ ထိုသို့အတွေးရောက်လျက် စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာနေလိုက်သည်။

သူတို့ ညစာစားနေပုံက ခြောက်ကပ်ကပ်နိုင်နေသလိုပင်။ နီမောင်ကသာ စကားတွေလှိုင်နေအောင် ပြောနေသော်လည်း သူမကတော့ ပန်းကန်ပြားထဲရှိ အစားစာတွေကို စိတ်မပါသလို တို့ခနန်းဆိတ်ခနန်းစားကာ တုံ့ဏှိုတာဝေငြိမ်သက်နေတာတွေ့ရ၏။ သူ ... ထိုအမျိုးသမီး၏မျက်နှာကို ကောင်းစွာမမြင်ရသေးပါ။

သူမက စားခြင်းကို အနားသတ်လိုက်ကာ ဘေးနားရှိဖျော်ရည်တစ်ခွက်ကိုမော့သောက်နေ၏။ ကုန်သွားသည့်အခါ တစ်သျှူးစလေးနှင့် နှုတ်ခမ်းကိုသုတ်နေပြီး နီမောင်ကို တစ်စုံတရာပြောလိုက်တာတွေ့သည်။ နီမောင်ကတားနေသလို ဟန်ပန်တွေ လုပ်နေသည်။

အမျိုးသမီးက မတ်တတ်ထ,ရပ်လိုက်သောကြောင့် နီမောင် မနေသာတော့ဘဲ အတူထ,ရပ်လိုက်ရ၏။ သူ့ဘက်သို့ မျက်နှာလှည့်လာသည်။ သူ့စိတ်ထဲတွင် ထိုမျက်နှာပိုင်ရှင်ကို အလွန်အမင်း စိတ်ဝင်စားသွား၏။ လှသည်။ သူမအလှက တစ်မျိုးတစ်ဖုံ ဆန်းသစ်နေသည်။ အရင်တစ်နေရာရာတွင် တွေ့ခဲ့မြင်ခဲ့ဖူးသလိုလို။ ရင်းနှီးဖူးခဲ့သလိုလို။ အတန်ကြာ ခင်မင်ရင်းနှီးခဲ့ဖူး





သလိုလို။ ဘယ်လိုမှန်းတော့ အတိအကျ သူမသိ။

မျက်နှာအကျက မဝိုင်းသလို ရှည်ရှည်သွယ်သွယ်လည်းမဟုတ်။ အနေတော်လောက်ပင်။ ထူထဲနက်မှောင်သော မျက်ခုံးရှိသည်။ မျက်လုံးက လုံးဝန်းသောဘက်သို့ အနည်းငယ်လှသည်။ နှာခေါင်းလေးက စင်းဖြောင့်နေသလို နှုတ်ခမ်းဖူးဖူးလေးကလည်း ပုရိသယောက်ျားတွေကို စွဲဆောင်နိုင်စွမ်း ရှိပါ၏။

သူမတို့နှစ်ယောက် သူ့နားမှဖြတ်လျှောက်သွားသည်။ ခြိမ့်ဆိုရလျှင် ပြေပြစ်သောခန္ဓာကိုယ်နှင့်လိုက်ဖက်သည့် မိုးမိုး၏ပြစ်မျိုးမဲ့မထင်အလှကို ကြည်ဖော်ဦး ပြည့်ပြည့်ဝဝ မြင်လိုက်ရခြင်းသာဖြစ်၏။

သူမမျက်နှာမှာ ပြုံးသည်လည်းမဟုတ်။ ညှိုးငယ်သည်လည်းမပြောနိုင်၊ တစ်ခုခုကို လျှို့ဝှက်ထားသလိုနှင့် ငေးငေးရီရီ။ သူလက်တလော မည်သို့မှ တစ်စုံတရာ ပြောနိုင်စွမ်းမရှိ။

"မိုးမိုးဟာ အရင်မိုးမိုးမဟုတ်တော့ဘူး၊ တစ်မျိုးကြီးဖြစ်နေတာ စကားပြောရင်လည်း မှုမမှန်ချင်ဘူး၊ သူ့ကိုယ်ထဲမှာ တစ်စုံတစ်ယောက်ဝင်စီးနေသလိုလို၊ စိတ်နဲ့ကိုယ် မကပ်တဲ့သဘောပဲ၊ တစ်ခါတလေ သူတစ်ယောက်တည်း ကားမောင်းပြီးထွက်သွားတတ်တယ်၊ ဘယ်ရောက်လို့ ရောက်ခဲ့မှန်းလည်း သူမသိဘူး၊ မေးလို့လည်းမရ"

နီမောင့်စကားတွေက သူ့နားထဲဝေ့ဝေ့ဝဲဝဲ တိုးဝင်လာသည်။ ထိုသို့ဆိုလျှင် မိုးမိုးဘာတွေဖြစ်နေလို့လဲ။

"အဲသည်လို စာချုပ်စာတမ်းနဲ့ တိတိကျကျကွာရှင်းပြတ်စဲလိုက်တော့ သူကလည်း သူကြိုက်တဲ့လူနဲ့ယူ၊ ငါကလည်း ငါကြိုက်တဲ့လူနဲ့ယူ _ ဒါမျိုး"

ယခုဆိုလျှင် မိုးမိုးမှာ တရားဝင် လင်ယောက်ျားရှိတော့သည်မဟုတ်။ သူမဟာသာ သူမ လွတ်လပ်ရာကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ အပြစ်ဆိုစရာမရတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ... သူတို့နှစ်ယောက်ပြေလည်အဆင်ပြေချင်ပြေသွားနိုင်သည်။ သူစဉ်းစား၍မရသည်က သည်လောက်လှသည့် မိန်းမတစ်ယောက်ကို လွယ်လွယ်ကွာရှင်းခဲ့သည့် နီမောင်၏စိတ်ကိုပင် ဖြစ်၏။

## သချိုင်းသို့သွားသော အမျိုးသမီး

နောက်တစ်နေ့ ...

ကြည့်ဖော်ဦးတစ်ယောက် မိုးမိုးတို့နေထိုင်ရာ ခြံနှင့်မလှမ်းမကမ်းတွင် ကားကိုရပ်လျက် ဂျာနယ်တစ်စောင်ကို ဖတ်နေသည်။ တကယ်ဆို သူသည်လို နေရာကို လာစရာအကြောင်းမရှိ။ သို့သော်လည်း မနေ့ညက တစ်ညလုံး သူ့စိတ်တွေ မိုးမိုးဆီရောက်နေသည်။ အဓိကအချက်မှာ မိုးမိုး၏မျက်နှာကြောင့် ပင်။ သည်မျက်နှာမျိုးကို သူမြင်ဖူးနေသည်ဟု ခံစားရသည်။ ရင်းရင်းနှီးနှီးမြင်ဖူး သလိုလည်းထင်နေမိသည်။ သို့မဟုတ် အတိတ်ဘဝက ပတ်သက်ဆက်နွယ်မှု ရှိခဲ့ပြီး ယခုဘဝတွင် ကံအကြောင်းတရားကြောင့် ပြန်လည်ဆုံလေသလားဟု၍ လည်း မဆီမဆိုင် တွေးသည်။

ယခုလည်း ဘယ်လိုကဘယ်လို သည်နေရာကိုရောက်လာသည်မသိ။ ရောက်တော့ရောက်နေသည်။ ဘာရည်ရွယ်ချက်။ ဘာကိစ္စ။ ဘာအဓိပ္ပာယ်မှန်း သူကိုယ်သူလည်း ရှင်းရှင်းလင်းလင်းမသိ။

ဂျာနယ်ကို ဖတ်နေရသော်လည်း မျက်လုံးတွေက အိမ်ဆီသို့ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ အကြည့်ရောက်သည်။ မြဲက အရှေ့ပေတစ်ရာ အနောက်ပေနှစ်ရာဝန်းကျင် ခန့်တော့ရှိမည်။ ရိုးရိုးသံဇကာကိုသာ ကာထားသည်မို့ အိမ်လေးကို ထင်ထင်ရှားရှားမြင်ရသည်။

တစ်ထပ်တိုက်ပုလေးတစ်လုံးသာပင်။

သို့သော် ဆောက်ထားပုံက ထူးခြားသည်။ မြင်နေကျတိုက်ပုလေးတွေထဲမှ ဗိသုကာပညာကို ဆန်းသစ်ထားသည်။ မျက်နှာစာတစ်ခုလုံး မှန်တွေကာထားတာများသည်။ နံရံမှာ ကျောက်တုံးတွေကို စီထားသည်။ ရှေ့ခေတ်ဂူလေးတစ်လုံးလေလားထင်ရသည်။ တိုက်ရှေ့တွင် အစိမ်းနုရောင် ဖိမ်ခုံကားတစ်စီး ရပ်ထားတာတွေ့သည်။ သည်အမျိုးသမီး အစိမ်းရောင်ကိုတော့ နှစ်သက်ပုံရသည်။ မှန်တွေ၏အတွင်းပိုင်း ကာရံထားသော လိုက်ကာတွေမှာလည်း အစိမ်းရောင်တွေပင်။ လှုရိပ်လှုခြေတော့ တစ်စွန်းတစ်မှ မတွေ့ရ။

နာရီဝက်ခန့်သာကြာသွားသည်။ အခြေအနေက ဘာမျှမထူး။ သူ့ခပ်ကြောင်ကြောင်အလုပ်လုပ်နေတာပဲဟုတွေးလျက် မိမိဘာသာ ပြုံးရသေးသည်။ ဟုတ်သည်။ ဘာကိစ္စမှမရှိဘဲ ဘာလာလုပ်ရပါလိမ့်။ ထို့ကြောင့် သူပြန်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ် ...

အိမ်ထဲမှ လှုပ်ရှားမှု အရိပ်သဏ္ဍာန်တစ်ခုကို သူမြင်လိုက်ရ၏။ ထို့ကြောင့် ကားသော့ကို စက်မနှိုးသေးဘဲ အသာငြိမ်နေလိုက်သည်။ ဆက်လက်စောင့်ကြည့်တော့ အစိမ်းရောင်ဝတ်စုံနှင့် အမျိုးသမီး တစ်ဦးထွက်လာသည်။

တခြားသူမဟုတ်။ မိုးမိုးပင်ဖြစ်သည်။

မနေ့က မိုးမိုးနှင့် သည်ကနေ့ မိုးမိုး အနည်းငယ်ကွာသည်။ မနေ့ညက ဆံထုံးထုံးထားတာဖြစ်ပြီး ယခုတော့ ဖားလျားချထားသည်။ ဖြောင့်စင်းနေသော ဆံပင်တွေက ပခုံးအထက်နားဆီတွင် ဝဲဝဲနေသည်။ အစိမ်းရောင်ခြင်းတူ





သော်လည်း မနေ့က ဝတ်စုံမဟုတ်။ နွေဦးပေါက်ရာသီဝတ်စတိုင်ပေါ့ပေါ့ပါးပါးဝတ်စုံ။ လက်ဆွဲအိတ်သေးသေးလေးတစ်လုံးကိုင်ထားသလို ဒေါက်ဖိနပ်မှာ အမည်းရောင်။

သူမ ကားနားဆီရောက်လာသည်။ ကားနားရောက်တော့ နေကာမျက်မှန်ကို တပ်လိုက်သည်။ ဆွဲထားသော နားကွင်းကြီးကြီးက အဖြူရောင်။ လည်တွင်ဆွဲထားသော လည်ဆွဲက အဖြူရောင်။ လက်တွင် ဝတ်ထားသော ဓနိစီလက်ကောက်တွေက အဖြူရောင်။

"တစ်ခါတလေ သူတစ်ယောက်တည်း ကားမောင်းပြီး ထွက်သွားတတ်တယ်၊ ဘယ်ရောက်လို့ရောက်ခဲ့မှန်းလည်းသူမသိ၊ မေးလို့လည်းမရဘူး။ မိုင်နှုန်းပြခွက်မှာတော့ မိုင်တွေ တော်တော်တက်နေတယ်"

နီမောင့်စကားကို ထပ်မံကြားမိပြန်တော့ သူမနောက်သို့ လိုက်ကြည့်ရလျှင် ကောင်းမလားဟု စိတ်ကူးပေါ်လာသည်။

သူမကားပေါ်တက်ကာ မောင်းထွက်လာသည်။ သူနောက်က မောင်း၍လိုက်လာခဲ့သည်။ သူမကားက မြို့ထဲသို့မဟုတ်ဘဲ မြောက်ဘက်သို့ဦးတည်မောင်းနေတာတွေ့သည်။ သူမ ကားမောင်းတာကို သတိထားမိသည်။ အလောမကြီးသလို နှေးနှေးကွေးကွေးလည်း မဟုတ်ပြန်ပါ။

ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ သူမက ကားကို အရှိန်လျှော့ကာ ရပ်လိုက်၏။ သူမရပ်သောဆိုင်ကို သေချာကြည့်တော့ အံ့ဩရသည်။ အသုဘအခမ်းအနားများတွင် အသုံးပြုသော ပန်းအမျိုးမျိုး၊ ပန်းခွေအမျိုးမျိုး၊ ပန်းခြင်းအမျိုးမျိုးရောင်းသော ဆိုင်ဖြစ်နေသောကြောင့်ပင်။

သူမက အပွင့်(၂၀)ခန့်ပါသော လက်ကိုင်ပန်းစည်းလေးတစ်စီးသာ ဝယ်ပါသည်။ အဝါရောင်နှင်းဆီပွင့်လေးတွေ၊ အကယ်၍များ အစိမ်းရောင်နှင်းဆီများရှိလျှင် သည်မိန်းမ ကျိန်းသေပေါက် ဝယ်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဘယ်သူ့အတွက်လဲ"

စစချင်းဆိုသလိုပင် ပဟေဠိဆန်စွာ ရှိခဲ့သော သူမ၏အပြုအမူများကြောင့် သူ ဆက်လက်သိလိုစိတ်တွေ တိုးပွားခဲ့ရ၏။

သူမ ကားကို ဆက်မောင်းပြန်သည်။ သည်တစ်ခါတော့ မြို့စွန်ဆီသို့ တည့်တည့်မတ်မတ်ကို ဦးတည်မောင်းနေခြင်းဖြစ်သည်။ နာရီဝက်ကျော်ကျော်ခန့်တွင် မြို့စွန်မှ ရှေးခေတ်သင်္ချိုင်းကြီးတစ်ခုဆီသို့ ရောက်၏။ သင်္ချိုင်းမှာ လွန်ခဲ့တဲ့ ရာစုခေတ်က ကွယ်လွန်သွားသူများကို အမှတ်တရ မြုပ်နှံထားရာနေရာဖြစ်၍ ပန်းခြံလေးသဖွယ် လှပကြည်နူးဖွယ်ရာ မွမ်းမံထားသည်။

ကားကိုရပ်ကာ သင်္ချိုင်းအတွင်းသို့ သူမဆင်းလျှောက်သည်။ သူကလည်း ကားကို အကွယ်တစ်နေရာတွင်ရပ်ကာ သူမနောက်သို့ ပုန်းလျှိုးကွယ်လျှိုးလိုက်ရသည်။ သူမ တစ်စုံတစ်ရာကို သတိထားမိသွားလို့မဖြစ်။

မိုးမိုးအုတ်ဂူတစ်ခုရှေ့တွင်ရပ်ကာ အကြာကြီးကြည့်နေသည်။ သူမကိုကြည့်ရသည်မှာ တစ်ခုခုကို လွမ်းဆွတ်တမ်းတနေသလိုပင်။ လက်ထဲမှ ပန်းစည်းနှင့်ဆုတောင်းနေသလား မပြောနိုင်။

မိုးမိုးသွက်သွားမှ အုတ်ဂူပေါ်တွင် ရေးထိုးထားသော စာကို သူ အလှမ်းအမြန်ဖတ်ရသည်။

**မကြာဖြူသွယ်**

**အသက်(၂၆)နှစ်**

**၁၉၃၈၊ ဇူလိုင်လ ၂၂ ရက်တွင် ကွယ်လွန်သည်။**

လွန်ခဲ့သော နှစ်တစ်ရာနီးပါးက အသက်(၂၆)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော မိန်းမပျိုလေး။ သူ ခပ်ကြာကြာပင် အတွေးမပွားနိုင်။ သူမ ကားပေါ်ပြန်တက်နေသည်မို့ ကမျောသောပါး ကားဆီပြန်ပြေးရသည်။

သူမက ကားကို မြို့တွင်းဆီသို့ ဆက်လက်မောင်းနှင်နေပြန်ပါသည်။





သူမ အိမ်ကိုပြန်မှာလား။

မဟုတ်ပါ။ သူမအိမ်ကို မပြန်သေးပါ။ သည်မြို့ရှိ နာမည်ကျော်ပန်းချီပြတိုက်ကြီးဆီသို့ မောင်းဝင်သွားတာတွေ့ရ၏။ လူရှင်းနေသောကြောင့် သူထပ်လိုက်နိုင်၏။ ခပ်ခွာခွာသာ လိုက်နေရ၏။

သူမက ပန်းချီကားများစွာကို လိုက်ကြည့်နေခြင်းမဟုတ်။ တစ်ခုတည်းသော ပန်းချီကားတစ်ချပ်ရှေ့တွင်သာ တောင့်တောင့်ကြီးရပ်လျက် တွေတွေကြီး ငေးမောကြည့်နေခြင်းဖြစ်၏။

"ဘာပန်းချီကားမို့လို့လဲ"

မလှမ်းမကမ်းမှ သူ အသာကြည့်မိသည်။ ပန်းချီကားကြီးမှာ ရှေးဟောင်းအမျိုးသမီးငယ်လေး၏ ပုံတူဖြစ်သည်။ ပန်းချီကားထဲတွင် အမျိုးသမီးငယ်လေးမှာ ပြုံးရွှင်လျက် ပန်းစည်းလေးကိုင်ကာ ထိုင်နေသည်။ မိုးမိုးနှင့်ပင်ဆင်တူသလိုလို။ ကိုင်ထားသော ပန်းစည်းက မိုးမိုးအုတ်ဂူပေါ်တွင် ထားရစ်ခဲ့သည့် ပန်းစည်းနှင့်အတူတူ။ အဝါတောက်တောက် နှင်းဆီပွင့်တွေ။

ကြည့်ဖော်ဦး ခြေသံမကြားရအောင် နောက်ပြန်ဆုတ်လျက် ပြခန်း၏တာဝန်ခံကို မေးကြည့်သည်။

"ပန်းချီကား အမှတ် ၀၂၂က ဘယ်သူ့ပုံတူလဲခင်ဗျာ"

"ခဏစောင့်နော်"

တာဝန်ခံက ဗိုင်တွဲထဲမှ ကတ်တလောက်တစ်ခုကိုရှာသည်။ တွေ့သွားတော့မှ သူ့ကိုပေးရင်း ...

"ကြာဖြူသွယ်ရဲ့ ပုံတူပန်းချီကားပါ"

"ခင်ဗျာ ... ကြာဖြူသွယ်"

စောစောက သူမသွားသော အုတ်ဂူကလည်း ကြာဖြူသွယ်။ သည်ပုံတူကားကလည်း ကြာဖြူသွယ်။ သူခပ်ရေးရေးတော့ သဘောပေါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဗျာ"

သူ ခပ်သွက်သွက်နှုတ်ဆက်ကာ ထွက်ခဲ့တော့ ပြခန်းဆောင်ထဲတွင် မိုးမိုး မရှိတော့ပါ။ အဆောက်အဦးရှေ့မှ ကားစက်နှိုးသံ ကြားလိုက်ရ၏။

"ဟာ ... ဟိုအမျိုးသမီးလစ်ပြီ"

သူ ကမန်းကတန်း ကားပေါ်တက်ရသည်။ လမ်းမပေါ်ရောက်တော့။

"ဟင် ... ဘယ်ရောက်သွားပြီလဲ"

အရိပ်အခြေကို မမြင်ရတော့။ ထို့ကြောင့် သူလီဗာကိုတင်လိုက်သည်။ ကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်သည်။ လမ်းသွယ်တစ်ခုခုထဲသို့ ချိုးကွေ့ဝင်သွားလျှင်တော့ သူဘာမျှမတတ်နိုင်။ မီးပွိုင့်တစ်ခုဆီအရောက် ...

"ဟော ... ဟိုမှာ"

သူမကားက အစိမ်းရောင်မို့ အားလုံးထဲတွင် ထင်သာမြင်သာရှိနေပါ၏။ သူမကားကို ညာဘက်သို့ချိုးကွေ့သည်။ လမ်းသွယ်လေးထဲသို့ ဝင်သည်။ GREEN STAR တည်းခိုရိပ်သာရှေ့တွင် ရပ်လိုက်၏။

"တည်းခိုရိပ်သာက သူနဲ့ဘာပတ်သက်လို့လဲ"

သူလိုအမျိုးသမီးတစ်ယောက်အနေနှင့် တည်းခိုရိပ်သာလိုနေရာမျိုးသည် သိပ်တော့ မအပ်စပ်လှဟုထင်၏။ မိုးမိုးဝင်သွားပြီး ခဏကြာတော့ အပေါ်ထပ်ထောင့်ဘက် အခန်းမှလိုက်ကာများကို ဖယ်ရှားနေတာတွေ့သည်။ ထို့နောက် လှရိပ်ပျောက်သွားသည်။

ထိုညရိပ်သာမှာ အဆင့်မြင့်မြင့်ရှိသော်လည်း တည်းခိုသူတော့ များများစားစားရှိဟန်မတူ။ သည်လိုနေရာမျိုးကို ဘာလာလုပ်တာလဲ။ တစ်ယောက်ယောက်နှင့်ချိန်းဆိုထားတာလား။ သူမအနေနှင့် ဂုဏ်သိက္ခာမဲ့ကာ မဖွယ်မရာပြုမည့်သူတစ်ယောက်တော့မဟုတ်မှန်း အလိုလိုသိနေသလိုပင်။

သူ့စိတ်တွေ ထိန်းချုပ်မရနိုင်သောကြောင့် ကားပေါ်မှဆင်းကာ တည်းခို





ခန်းအတွင်း ဝင်လာမိ၏။ ညေကြိုစားပွဲတွင် မည်သူမှရှိမနေပါ။

"ဘယ်သွားနေပါလိမ့်"

သူ ခပ်ဆဆလေးအသံပြုလိုက်မှ မျက်မှန်နှင့်အဘွားကြီး တစ်ဦး ကောင်တာနောက်ကွယ်တွင် ပေါ်လာသည်။

"အခန်းယူမလို့လား"

"မဟုတ်ပါဘူး အန်တီ ... ဒီညေဆောင်ရဲ့တောင်ဘက်ခန်းမှာ တည်းနေတဲ့ အမျိုးသမီးကို သိချင်လို့ပါ"

"ဩ ... ညေသည်ရဲ့ အတွင်းရေးလေ"

"ဟုတ်ပါတယ်၊ ကျွန်တော်က တာဝန်ရှိသူတစ်ယောက်မို့လို့ပါ"

ရမ်းသမ်း၍သာ ပြောလိုက်ရသော်လည်း ဘာတာဝန်ရှိမှန်းပင် ကိုယ့်ကိုယ်ကိုမသိ။ အဘွားကြီးကတော့ ဘယ်လိုထင်သွားသည်မသိ သူ့ကိုမျက်မှောင် တစ်ချက်ကျုံ့ကြည့်ကာ ...

"သူနာမည်က ကြာဖြူသွယ်၊ အဲဒီအခန်းကို တစ်ပတ်တိတိငှားထားတာ၊ သူကနေ့ဘက်ပဲလာတာပါ၊ ညမအိပ်ပါဘူး။ အခန်းထဲရောက်ရင်တော့ တစ်ယောက်တည်း တငေးတမော ထိုင်နေတော့တာပဲ"

"စောစောက သူအပေါ်တက်သွားတယ်"

"ဘယ်လိုကွဲ့၊ အို ... မဖြစ်နိုင်ပါဘူး။ ဒီကောင်မလေး ဒီနေ့မလာသေးပါဘူး၊ ဟောဒီအို အုတ်ပြားပေါ်မှာ အခန်းသော့"

"မဟုတ်ဘူး အန်တီ၊ သူတက်သွားတာ ကျွန်တော်ကိုယ်တိုင် မြင်လိုက်တာပဲ"

"မလာသေးပါဘူးဆိုနေမှကွယ် ... ခက်လိုက်တာ"

"အန်တီရယ် ကျွန်တော်က ညာပြောပါ့မလား"

"ကိုင်း ... မယုံရင် မင်းပါတစ်ခါတည်းတက်ကြည့်"

www.burmeseclassic.com



အဘွားကြီးက ဘုတ်ပြားပေါ်တွင် ချိတ်ထားသော သော့ကိုယူသည်။ သူကနောက်မှလိုက်သွား၏။ အဘွားကြီးက အခန်းတံခါးကိုဖွင့်သည်။ အထဲတွင် မည်သူမျှမရှိ။ လိုက်ကာတွေကလည်း နဂိုအတိုင်း စေ့ပိတ်ထားသည်။ ခြေရာ လက်ရာဘာမျှမပျက်။ ပြတင်းပေါက်မှအောက်သို့လှမ်းကြည့်တော့ သူမ၏ အစိမ်းရောင်ကား မရှိတော့။

"ဟင် ... ဒါဘာယ်လိုဖြစ်တာလဲ"

သူ အူတူတူဖြစ်သွားသည်။ ရှုးချင်သလိုလိုလည်းဖြစ်သွား၏။ အားနာ ပါးနာနှင့်ပင် အဘွားကြီးကိုနှုတ်ဆက်ကာ သူမအိမ်သို့ကားမောင်းထွက်လာခဲ့ သည်။ သူမတိုက်အိမ်ရှေ့သို့အရောက် ...

အစိမ်းရောင်ကားသည် မနက်ကရပ်ထားသောနေရာတွင် နေသား တကျဖြစ်နေသည်။ ကားရှေ့ဒက်ရှ်ဘုတ်ပေါ်တွင် အုတ်ဂူတွင်ထားခဲ့သော အဝါ ရောင်ပန်းစည်းလှလှလေးက ပုံမပျက် တင်နေလျက်။

"ဘာတွေလဲဟာ"

သူ ဘာမှမစဉ်းစားတတ်တော့ဘဲ စိတ်ညစ်စွာနှင့်ပင် ခေါင်းကိုထဖျင်း ဖျင်းကုတ်နေပါတော့၏။

♐ ❖ ♐

## ကြာဖြူသွယ်၏အတိတ်

မေသက်က ရေးလက်စပန်းချီကားကို ရပ်နားလိုက်၏။ စုတ်တံကို ခွက်ထဲထည့်လိုက်ပြီး ကြည်ဇော်ဦးဘက်သို့ လှည့်လိုက်၏။

"ကိုကြည်ဇော်မေးတဲ့မေးခွန်းက အထူးအဆန်းပဲ"

"အဲဒီလိုဖြစ်နေလို့လား"

"အမှန်ပြောရရင် ပန်းချီဝါသနာမပါတဲ့လူက ပန်းချီပြတိုက်ကို စွပ်စွပ် ...ည်ရှုတ်ရောက်သွားလို့ပါ"

"ဘာရယ်လို့ မဟုတ်ပါဘူး"

"နောက်တစ်ချက်က ကြာဖြူသွယ် ပန်းချီကားကိုမှ ရွေးပြီးမေးနေ ...တာ"

"ပုံတူပန်းချီက အသက်ဝင်လွန်းလို့"

"ဒါဆို နာမည်သိအောင် ပြတိုက်တာဝန်ခံဆီက ကတ်တလောက်ကို ...ောင်းကြည့်ရမှာပေါ့"

"အင်း"

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အပင်ပန်းတော့ခံခဲ့သားပဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ ရှေးလူကြီးတွေရဲ့ ပါးစပ်ရာဇဝင်အရဆိုရင်တော့ ကြာဖြူသွယ်အကြောင်းက တော်တော်လေး သနားစရာကောင်းတယ်လို့ဆိုရမှာပဲ၊ မေသက်လည်း ကိုကြည်ဖော်ကို ကြားရ တာ ပြန်ပြောရမှာ"

"ပြောပါ ‗ ပြောပါ၊ ဒါဟာ သမိုင်းမှတ်တမ်းတင်နေတာမှ မဟုတ် တာ"

"ကဲပါ ‗ ကော်ဖီလေး သောက်လိုက်ပါဦး"

မေသက်က အိမ်ဖော်ကောင်မလေး ဧည့်ခံထားသော ကော်ဖီကို သောက်နိုင်းနေသဖြင့် သူမှာစိတ်မပါတပါ တစ်ငုံ ငုံလိုက်ရ၏။ သူ မိုးမိုးနှင့် တွေ့ခဲ့ပြီးနောက် ဆက်တိုက်ဖြစ်လာသော အံ့ဩစရာများကိုတွေးရင်း တွေးရင်း ရှုပ်ထွေးမှုတွေဖြစ်လာရသည်ဟုထင်သည်။ တစ်ဆက်တည်းဆိုသလိုပင် ပုံတူပန်းချီကားက အရေးပါအရာရောက်နေသည်မို့ ပန်းချီပညာရှင် မေသက်ကို မေးလျှင် လမ်းစတစ်ခုခုတော့ တွေ့မည်ဟု ယုံကြည်လျက် ရောက်လာခြင်း ဖြစ်သည်။

"ကြာဖြူသွယ်ဟာ ကလေးထိန်းသိမ်းစောင့်ရှောက်ရေးကနေ ကြီးပြင်းလာခဲ့ရသူ၊ မိဘတွေက ဘယ်သူဘယ်ဝါရယ်ဆိုတာ မသိဘူး၊ ဒါပေမယ့် သူဟာ ထက်ထက်မြက်မြက်ရှိတယ်၊ အဆိုအကမှာလည်း ထူးချွန်တယ်၊ တစ်နေ့တော့ မွေးစားမယ့်သူပေါ်လာတယ် ‗ ပိုက်ဆံရှိ အသိုင်းအဝိုင်းကပဲ၊ ကြာဖြူသွယ်လေးက (၁၀)နှစ်ကျော်ကျော်အရွယ်၊ မွေးစားတဲ့လင်မယားက (၃၀)ကျော်တွေ၊

ဒီလိုနဲ့ ဟိုလင်မယားလည်း သူ့ကိုအတတ်နိုင်ဆုံးပြုစုစောင့်ရှောက်ခဲ့ တာပါပဲ၊ နောက် ‗ အပျိုအရွယ်ရောက်လာတယ်၊ အဲဒီခေတ်က မိန်းကလေး ဆိုရင် အချက်အပြုတ်လောက်ပဲ အလေးထားတာမို့ ပညာရေးလည်း ဟုတ်တိ





ပတ်တိ မသင်ခဲ့ရရှာပါဘူး၊ အင်း … ဒါနဲ့တစ်နေ့မှာ ကြာဖြူသွယ်လေး ကိုယ်ဝန်ရှိလာတော့တာပဲ"

"ဟင် ‗ ဘယ်လို ‗ ဘယ်လို"

ယောက်ျားမယူဘဲ ကိုယ်ဝန်ဆောင်သည်ဆိုသောအဖြစ်ကို ကြားရ တော့ သူအလွန်အမင်း ထိတ်လန့်သွားသည်။

"ဘယ်သူမှမဟုတ်ဘူး၊ သူ့ကိုမွေးစားတဲ့လူကြီးနဲ့"

"ယုတ်မာလိုက်တာ"

"ယုတ်မာတယ်ပြောမနေနဲ့၊ မိန်းမကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ စီမံပေးခဲ့တာ"

"ဘယ်လိုဟာကြီးလဲ"

သူပို၍ပင် သဘောမပေါက်နိုင်အောင် ဖြစ်သွားရသည်။ ထိုအဖြစ်မျိုး က ရှားတောင့်ရှားပါး မဟုတ်လား။

"ဒီလို ကိုကြည်ဖော်ရဲ့၊ သူ့မိန်းမမှာ ကလေးမရနိုင်ဘူးလို့ ဆရာဝန်က ပြောတော့ ဒီလူကြီးတော်တော်စိတ်ဓာတ်ကျသွားတယ်၊ သူတို့မျိုးဆက်ကို ဆက် ထိန်းနိုင်ဖို့ သူ့သွေးသားနဲ့ သားသမီးကိုလည်း လိုချင်နေတာ၊ မွေးစားတာကျ တော့ သူ့သွေးသားမှမပါတာ၊ ဒါကို မိန်းမကသိတော့ မဖြစ်သာတဲ့အဆုံး အဖြစ်နိုင်ဆုံးနည်းလမ်းကိုပဲ ကြံစည်လိုက်ရတာ"

"အတူတူနေကြလား"

"ဘယ်လိုနေကြသလဲတော့ ကျွန်မလည်း မပြောတတ်ဘူး၊ အချိန်တန် တော့ သမီးလေးမွေးတယ်၊ မွေးပြီးလို့မကြာခင်မှာပဲ ကြာဖြူသွယ်ကို စွန့်ပစ် လိုက်ကြတယ်"

"လူမဆန်လိုက်တာ"

"သမီးရှူး ရှူးနေတဲ့ ကြာဖြူသွယ်လည်း နောက်ဆုံးတော့ စိတ္တဇဖြစ်

www.burmeseclassic.com



ပြီး လမ်းတကာလှည့်လည်သွားနေတဲ့ ဘဝရောက်ရောဆိုပါတော့၊ တွေ့တဲ့လူတိုင်းကိုလည်း သူ့သမီးလေးရှာပေးပါဆိုပြီး တစာစာအကူအညီတောင်းနေတော့တာပဲ''

''သနားစရာပါပဲ''

''မြို့သူမြို့သားတွေကတော့ သူ့အပေါ် ကရုဏာသက်လို့ မဆုံးဘူးပေါ့၊ ဒီလိုနဲ့စိတ်ဝေဒနာပြင်းထန်လာတာနဲ့အတူ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ရှာတယ်၊ သူဆုံးတော့ (၂၆)နှစ်၊ မြို့စွန်သင်္ချိုင်းမှာ ဂူသွင်းပြီး သင်္ဂြိုဟ်ခဲ့တာ၊ ခုထိရှိသေးတယ်''

သူ သင်္ချိုင်းသို့ရောက်ခဲ့ကြောင်းကိုတော့ မေသက်အား ဖွင့်မပြောခဲ့ပါ။

''ဒါဆို မိုးမိုးနဲ့ကြာဖြူသွယ် ဘယ်လိုဆက်နွယ်နိုင်သလဲ''

''ကြာဖြူသွယ်မွေးခဲ့တဲ့သမီးဟာ ဒေါ်သူဇာနွယ်ဖြစ်လာတယ်လေ၊ ကျန်တာတော့ ကျွန်မလည်းမသိဘူး''

''ဒေါ်သူဇာနွယ်ရဲ့သမီးဟာ မိုးမိုးများဖြစ်နေမလားမသိဘူး''

''မိုးမိုးဟာ ပန်းချီကားထဲက အမျိုးသမီးနဲ့တူလား''

''တော်တော်လေး ဆင်တူတယ်''

''ဒါဆို မြေးလောက်ဖြစ်နိုင်ချေရှိတယ်''

မေသက်က သူ့ကိုမသက်သာသလို ကြည့်လျက် –

''နေပါဦး – ဘာကြောင့် ဒီအကြောင်းတွေကို ဒီလောက်စိတ်ဝင်စားနေရတာလဲ''

''သူငယ်ချင်းက အကူအညီတောင်းလို့ပါ''

သူက မေသက် သံသယမဝင်သွားစေရန် နီမောင့်အကြောင်းကို အကြမ်းဖျင်းပြောပြလိုက်၏။ ထိုအခါမှ မေသက် သဘောပေါက်သွားပြီး –





''အင်းလေ ခပ်ဆန်းဆန်းအဖြစ်လေး ကြုံရတယ်ဆိုပါတော့''

သူကတော့ မလှုပ်မယှက်ငြိမ်သက်နေပြီး မိုးမိုးအကြောင်းသာ တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

## စိတ္တဇမျိုးရိုး

ဖုန်းထဲတွင် နီမောင့်အသံတွေ တက်ကြွနေသည်ဟုထင်သည်။ ကြည်ဇော်ဦးက မိုးမိုးနောက်သို့ လိုက်ခဲ့ပုံများကို အသေးစိတ်ရှင်းပြနေ၏။

"အေးကွာ ... မင်းကို အရမ်းကျေးဇူးတင်တယ် သူငယ်ချင်းရာ။ ဒါကြောင့်လည်း မင်းကိုရွေးချယ်လိုက်တာ၊ တခြားလူဆို ငါစိတ်မချဘူး"

"မင်းယောကျ်ားမ အမေနာမည်ဘယ်သူလဲ"

"မိုးမိုးမွေးစားအမေက ဒေါ်မြမြ"

"အမေအရင်းနာမည်ကိုပြောတာ"

"ဒီလိုကွ၊ ဒီနေရာမှာ မင်းကိုနည်းနည်းရှင်းပြရဦးမယ်၊ အစက ငါလည်း ဒေါ်မြမြကို အမေရင်းလို့ထင်ခဲ့တာ၊ သူနဲ့အိမ်ထောင်ကျပြီးမှ မွေးစားထားတာသိတယ်၊ နောက် _ သူနဲ့ငါနဲ့ကွဲတယ်၊ ကွဲပြီးတော့မှ သူ့အမေရင်းဘွားခနဲပေါ်လာတယ်၊ နာမည်က ဒေါ်သူဇာနွယ်တဲ့ _ "

"ဒါဆို _ ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"မိုးမိုးနောက်ကြောင်းကို ငါသိထားတာဒီလိုကွ _ "





သူက မေးသက်ပြောပြသမျှကို ပြန်ပြောပြလိုက်၏။ သူက တအင်းအင်းဆိုကာ ဂရုစိုက်နားထောင်သည်။

"ဒါဆို _ ဒေါ်ကြာဖြူသွယ်ဟာ မိုးမိုးရဲ့အဘွားပေါ့"

"ငါလည်း ဒီလိုပဲ ထင်တယ်"

"ဒါဆို သူတို့မျိုးရိုးက စိတ်ဝေဒနာသည်မျိုးရိုးပဲ"

"ဘာလို့"

"ဒေါ်ကြာဖြူသွယ်ရော၊ ဒေါ်သူဇာနွယ်ရော နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားကြတာလေ"

"ဒေါ်သူဇာနွယ်ရော"

"အေး _ ဟုတ်တယ်၊ ဆုံးတာတောင် တစ်နှစ်လောက်ပဲရှိဦးမယ်"

"ဖြစ်မှဖြစ်ရလေကွာ"

သူ့ခမျာ သနား၍ စုတ်တသပ်သပ်။ ငွေကြေးပြည့်စုံသော်လည်း ဘဝကြီးကို ကျေနပ်ရရမနေနိုင်သွားရှာသည့်လူတွေ။ လူ့လောကတွင် တစ်ခုမဟုတ်တစ်ခုတော့ အားနည်းချို့ယွင်းချက်တွေ ရှိပါလားဟု တရားရမိ၏။

"သူငယ်ချင်း"

"အေး ... ပြော"

"ဆက်ပြီး အကူအညီပေးပါဦးကွာ၊ ငါက အလုပ်တစ်ဖက်နဲ့ဆိုတော့ သူ့ကိုအမြဲတမ်း စောင့်ကြည့်မနေနိုင်ဘူး။ သူနောက်ထပ် ဘယ်တွေသွားသလဲဆိုတာလည်း ငါသိပ်သိချင်တယ်"

သူ ချက်ချင်းပြန်မဖြေနိုင်သေး။ တာဝန်က ကြီးလွန်းနေသည်။

"ဟော့ကောင် _ ငါပြောနေတယ်လေ"

"အေးပါ ... ချိန်ပြည့်မဟုတ်တောင် ငါတတ်နိုင်သလောက် စောင့်ကြည့်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျေးဇူးကို မမေ့ပါဘူးကွာ"

နီမောင် ဖုန်းချသွားသည်။ သူကတော့ တည်းခိုခန်းတွင်ဖြစ်ခဲ့သော အဖြစ်လေးကို ပြန်စဉ်းစားတိုင်း မျက်စိလည်စရာဖြစ်လို့သာနေတော့၏။

✗ ❖ ✗



## အဆန်းတကြယ် ဖြစ်ရပ်

နီမောင့် မေတ္တာရပ်ခံချက်ကြောင့် နောက်ရက်တစ်ရက်တွင် ပြည့်ဖော်ဦး အရင်နေ့ကအတိုင်း သွားစောင့်နေလိုက်သည်။ ထွက်နေကျ အချိန်တွင် သူမ ထွက်လာသည်။ သည်တစ်ကြိမ်တွင်လည်း အစိမ်းရောင် ဝတ်စုံပင်ဖြစ်၏။ တခြား လက်ဝတ်လက်စား၊ ဖိနပ်နှင့်လက်ဆွဲအိတ်တို့ အရောင်ပြောင်းသွားသော်လည်း ဝတ်စုံကတော့ အစိမ်းတွေချည်းဖြစ်နေသော

ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ သူ နောက်ကလိုက် သည်။ သူလိုက်နေသည်ကိုတော့ သူမလုံးလုံးသိပုံမပေါ်ပါ။ သူမက ပတ်ဝန်းကျင်ကို ဂရုစိုက်ပုံမရ။ သူမသွားလိုရာ သူမလုပ်လိုရာကို တစိုက်မတ်မတ်လုပ် နိုင်အသွင်သာရှိသည်။

သည်တစ်ကြိမ်တော့ သချိုင်းသို့မသွား။ ပန်းချီပြတိုက်သို့တော့ သွားသည်။ ကြာဖြူသွယ်၏ ပန်းချီကားကြီးရှေ့မှောက်မှာပင် မမိုတ် ရှုမိုက်ကြည့်နေသည်။ ဘာကြောင့်များ သူ့အဘွားကို သည်လောက်ထိ မှိုင်းနေရပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြတိုက်မှအထွက် သူမမောင်းနှင်နေသော နေရာမှာ တည်းခိုခန်းရှိရာ နေရာသို့မဟုတ်။

နေရာသစ်တစ်ခုကိုဖြစ်နေသည်။ နောက်တော့မှ မြစ်ကမ်းခြေတစ်နေရာဟု သိလိုက်ရ၏။

''သူ့စိတ်တွေ ရှုပ်ထွေးနေလို့ လေကောင်းလေသန့်လာရှူတာ ဖြစ်ရမယ်''

သူမရွေးချယ်သော မြစ်ကမ်းခြေမှာ လူရှင်းသလို ရှုခင်းရှုကွက်ကလည်း သာယာလှပါသည်။ မြစ်ကြောင်းထဲတွင် ရုံချည်ဆန်ချည်သွားနေသော သင်္ဘောတွေကို တွေ့ရသည်။ စက်တပ်မော်တော်တွေကို တွေ့ရသည်။ ကောင်းကင်ပြာကြီးတွင် ဖြူဖြူခွတ်ခွတ်တိမ်လိပ်တွေကို တွေ့ရသည်။ ပျံလွှားနေသည့်တခြား ငှက်တွေကိုတွေ့ရသည်။ တလက်လက် တောက်ပနေသည့် လှိုင်းကြက်ခွက်တွေကို တွေ့ရသည်။

ဖြတ်သန်းတိုက်ခတ်လာသည့်လေက လတ်ဆတ်အေးမြလို့နေပါ၏။

''အားပါး — ငါလည်း အခုမှ လန်းဆန်းသွားတော့တယ်''

မိုးမိုးက သဲသောင်ပြင်ကို ဖြတ်လျှောက်ကာ ရေစပ်တွင် ခြေအစုံရပ်လိုက်၏။ ရေလှိုင်းတွေက သူမခြေနားရောက်လိုက်၊ ပြန်ဆုတ်သွားလိုက်နှင့်။

သူမမြစ်ပြင်ကို အကြာကြီးငေးကြည့်နေသည်။ နှုတ်မှတစ်စုံတစ်ရာရွတ်လေသလား မရွတ်ဘူးလား မခန့်မှန်းနိုင်ပါ။ ထူးခြားချက်က နောက်ကျောဘက်ဆီသို့ တစ်စက်ကလေး ပြန်လှည့်မကြည့်ခြင်းပင်။ သူမဝတ်စုံမှာ ဒူးထောက်ခပ်လျော့လျော့ ဂါဝန်လို ပုံစံဖြစ်နေသောကြောင့် လေတဖူးဖူးတိုက်နေစဉ် တလွင့်လွင့်ဖြစ်နေသည်မှာ ကြည့်လို့ပင်ကောင်းသေးသည်။

အတန်ကြာသည့်အခါ လက်ကိုင်အိတ်လေးကို သဲသောင်ပြင်ပေါ် ဘုန်းခနဲ ပစ်ချလိုက်သည်။ ဖိနပ်တွေကို ချွတ်လိုက်သည်။





ထို့နောက် ရေထဲသို့ တဖြည်းဖြည်းဆင်းသွားသည်။ တချို့ စိတ်ဓာတ်ကိုယ်လွတ်ဖြစ်သွားသည့်အခါ ကလေးတွေလို ရေနှင့်ဆော့ကာ ကြည်နူးသည်။ ခြေထောက်တွေကို ရေစိုဆွတ်သွားသည့်အခါ စိတ်တွေလန်းဆန်းသွားအောင် သူကြည်နူးသည်။

သူမရေ့သို့ တိုးသထက်တိုးသွားသည်။ တဖြည်းဖြည်းချင်း တဖြည်းဖြည်းချင်း။ ပထမခြေမျက်စိ။ နောက် — ခြေသလုံး။ နောက် ဒူးဆစ်။

နောက် ... ခါး။ နောက် — ရင်ညွန့်။

သည်အပိုင်းရောက်တော့ သူသံသယဝင်စပြုလာပြီ။ ဒါဟာ ပုံမှန်မဟုတ်ဘူး နားလည်လိုက်၏။ ချက်ချင်း သူကားပေါ်မှ ဆင်းလိုက်၏။ ပြန်ကြည့်တော့ ရေက လည်ပင်းတစ်ဝိုက်။

သူ — မျက်လုံးတွေပျာဝေသွားသည်။

''ဟေး ... မလုပ်နဲ့၊ မလုပ်နဲ့ ... မလုပ်နဲ့''

သူ့အော်ဟစ်ကာ ကမ်းစပ်သို့ တစ်ဟုန်ထိုးပြေးသည်။ ရေစပ်သို့ရောက်တော့ သူမခေါင်းကို လုံးလုံးမမြင်ရတော့။

''ဟာ — သွားပြီ''

သူ ဖိနပ်ကိုချွတ်ကာ ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းလိုက်၏။ သူမရှိရာသို့ အလျင်အမြန်ကူးသွားသည်။ သူမက မြုပ်ချည်ပေါ်ချည်။ သူမ ခန္ဓာကိုယ်ကို ဖမ်းမိချိန်တွင် သူမ သတိလစ်မြောနေပေပြီ။ ထို့ကြောင့် ရုန်းကန်ခြင်းမရှိသော သူမကို ကုန်းပေါ်တင်ရသည်မှာ သိပ်တော့ အခက်ခဲမရှိခဲ့ပါပေ။

သောင်ပြင်ပေါ်ရောက်သည့်အခါ သူမကို ပက်လက်အနေအထားပြုထုပ်ပြီး ရင်ဘတ်ကို လက်ဖဝါးဖြင့် ခပ်ပြင်းပြင်းလေး ဖိချသည်။ သူမ ပါးစပ်မှ ရေတွေ တဖေါ်ဖေါ်ထိုးအန်သည်။ ထိုသို့ သုံးလေးကြိမ်ခန့် လုပ်တော့မှ သူမ သတိပြန်လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးပွင့်လာသည်။ ကြည်ဇော်ဦးကို တွေ့သည်။ အနည်းငယ် လန့်သွားပုံရသည်။

ချက်ချင်းတော့ သူမ မထနိုင်သေးပါ။

''ရှင် ... ရှင် ... ရှင်''

''ကျွန်တော့်နာမည် ကြည်ဇော်ဦးပါ''

''ကျွန်မ ဘာဖြစ်သွားတာလဲဟင်''

''ခင်ဗျာ''

ကိုယ့်ကိုယ်ကိုယ် ဘာဘုန်းမသိဖြစ်သွားသည်ကတော့ ယုတ္တိနှင့် ကင်းလွတ်နေသလိုပင်။

''ခင်ဗျားကိုယ်ခင်ဗျား မသိဘူးဆိုတာ မဖြစ်နိုင်ဘူး''

''တကယ် ဘုရားစူးရပါစေရဲ့ရှင် _ ကျွန်မ မြစ်ပြင်လေကလေးကို ရှူနေတယ်၊ မြင်ကွင်းတွေကို ကြည့်နေတယ်၊ အဲဒီလောက်ပဲ _ ဒီထက်ပိုပြီး မသိတော့ဘူး''

သူမ ငုတ်တုတ်ကလေး ထ,ထိုင်သည်။ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်သည်။

သူမအမူအရာတွေက သူမ မသိကြောင်းကို ရိုးရိုးသားသား ဖော်ပြ နေသလိုတော့ရှိ၏။

''ကျွန်မ ဘာလုပ်မိသလဲဟင်''

''မင်း _ ရေထဲဆင်းသွားတာ''

''ဘုရားရေ _ ဒါဆို ရှင်ဆင်းဆယ်ခဲ့တာပေါ့''

''ကျွန်တော့်တစ်ကိုယ်လုံးလည်း ကြည့်ဦးလေဗျာ''

''အားနာလိုက်တာရှင် _ ဒါနဲ့ ရှင်က ဒီကိုဘယ်လိုရောက်နေတာ လဲ''





''တိုက်တိုက်ဆိုင်ဆိုင်ပါပဲ _ ကျွန်တော်လည်း စိတ်လွတ်ကိုယ်လွတ် ချင်တာနဲ့ ဒီနေရာရောက်ခဲ့တာ''

ထိုအခါမှ သူမခေါင်းလေးတဆတ်ဆတ်ညိတ်လျက် အဝေးကို ငေးနေပြန်ပါသည်။

''ကျွန်မ နာမည် ကြာဖြူမိုး၊ ဒါပေမယ့် အားလုံးကတော့ မိုးမိုးလို့ပဲ ခေါ်ကြတယ် ... အခုလို ကျွန်မကို ကယ်တင်ခဲ့တာ ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း ဘာတွေဖြစ်ကုန်မှန်း မသိတော့ပါဘူး''

မိုးမိုးက မျက်ရည်လေးဝေ့ဝဲလျက်ပြောသည်။ သူမစိတ်ကိုလည်း သူမပိုင်တော့သည့်သဘောပင်။

''ကဲ _ ကျွန်တော် အိမ်လိုက်ပို့မယ်၊ တစ်ကိုယ်လုံးလည်း ရေတွေ နဲ့တာ''

''အား ... နေပါစေ ... နေပါစေ၊ ကျွန်မ အခု ဘာမှမဖြစ်တော့ ပါဘူး၊ အဝတ်အစားတွေ စိုတာလောက်တော့ကိစ္စမရှိပါဘူး၊ ကျွန်မကားကို ကျွန်မ ကောင်းကောင်းမောင်းနိုင်ပါသေးတယ်''

သူမက လက်ဆွဲအိတ်ကို ပြန်ယူသည်၊ ဖိနပ်ကို ပြန်စီးသည်၊ လက်ဆွဲ အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ပြီး ...

''ဒါ ... ကျွန်မရဲ့လိပ်စာကတ်ပါ၊ ကျွန်မလည်း ရှင့်ကိုမြင်မြင်ချင်း ခင်တဲ့စိတ်တွေဖြစ်လာတာတော့ အမှန်ပဲ၊ ဘာကြောင့်မှန်းလည်းမသိဘူး၊ အကြောင်းရှိရင် ကျွန်မကို ဆက်သွယ်နိုင်ပါတယ်၊ ကျွန်မအသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးတင်စကားကိုတော့ ဒုတိယအကြိမ်ပြန်မပြောတော့ပါဘူး၊ ပြန်ဆုံကြဦး မယ်၊ ကဲ ... ကျန်မသွားမယ်''

သူမက ယိုင်တိယိုင်နဲ့ဖြင့် ကားဆီသို့ လျှောက်သွားသည်၊ သူ့ကာဘာ ...ပ်တွင် ကျန်ရစ်ခဲ့ခြင်းဖြစ်၏၊ သူမကားလေးထွက်သွားသည်ထိ မျှော်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးကြည့်နေခဲ့၏။ ကားလေးပျောက်သွားတော့မှ သူမြစ်ပြင်ကျယ်သို့ မျက်နှာ... လိုက်၏။ သူ့အတွက် တွေးစရာတွေက များသထက်များလာသည်ဟု မှတ်ချက်... ချမိ၏။

♐ ❖ ♐



## အတူအညီတောင်းခံသူ

ကြည်ဇော်ဦးက သူဖြစ်ခဲ့သမျှ အကြောင်းအရာတွေအားလုံးကို နီမောင့်အား ဆက်ကာဆက်ကာ ပြောပြဖြစ်သည်။

"ဟေ ... ဒါဆို မင်းသူ့ကိုကယ်လိုက်လို့ပေါ့"

"ကယ်လိုက်တာ အသာထား။ သူကိုယ်သူလည်း ဘာဖြစ်သွားမှန်း မသိဘူး"

နီမောင်က တစ်ခုခုတွေးတောဟန်ဖြင့် ခေတ္တခဏ ငြိမ်သက်သွားသည်။

နောက်မှ အလောသုံးဆယ်နိုင်သည့် လေသံဖြင့် ...

"ဟော့ကောင် ... ကြည်ဇော်"

"ပြော ... "

"သူ့အဘွား ကြာဖြူသွယ်ဟာ အသက်(၂၆)မှာ ဆုံးခဲ့တာ"

"အဲဒါ ဘာဖြစ်လဲ"

"အခု မိုးမိုးဟာ အသက်(၂၆)နှစ် ပြည့်ဖို့ ရက်ပိုင်းပဲလိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆာ ..."

သူ တအံ့တသြဖြစ်သွားသည်။ ဘာဆက်ပြောရမှန်းလည်းမသိ။

"မင်းဆိုလိုတာက"

"ငါကတော့ ဘာမှမပြောတတ်ဘူး။ အရေးကြီးတာက ဒီရက်ပိုင်းအတွင်း မိုးမိုးတစ်ခုခုဖြစ်မှာကိုပဲ"

မိုးမိုး အသက်(၂၆)နှစ်ပြည့်ရန် ရက်ပိုင်းသာလိုတော့သည်ဟု ဆိုပါလား။

ထိုသို့ဆိုလျှင် တစ်နည်းမဟုတ်တစ်နည်း ...။ ကြည်ဇော်ဦး ဆက်၍ မစဉ်းစားချင်တော့ပါ။ သူ အတန်ကြာ ငြိမ်သက်နေသည်မှ ...

"ဟော့ကောင် ... ကြည်ဇော်"

"ဟေ ..."

"မင်း ... ဘာဖြစ်နေတာလဲ"

"ဘယ်လိုတောင်ပြောရမှန်း မသိဘူး"

"မင်းဘာမှတွေးမနေနဲ့၊ မင်း ... မိုးမိုးနဲ့ရင်းနှီးမှုရသွားပြီပဲ၊ သူနဲ့ဆက်သွယ်ပြီး စကားလေးဘာလေးပြော၊ တစ်ခုခုထွက်စား၊ ဟိုဟိုသည်သည် လျှောက်လည်၊ ဒါဆို သူစိတ်ပြောင်းသွားမှာ သေချာတယ်"

"သူနဲ့တွဲရမှာ ငါ့စိတ်ထဲ မလုံသလိုပဲ"

"ဟော့ကောင် မဟုတ်မဟပ်တွေ မင်းခေါင်းထဲမထည့်နဲ့၊ စိတ်ရောဂါသည်ကို ကူညီစောင့်ရှောက်နေတဲ့ ဆရာဝန်လိုပဲသဘောထား၊ မင်းရဲ့လူနာဟာ မိုးမိုးပဲ၊ မင်းသာ အဲဒီနေ့က နောက်ကလိုက်မသွားရင် မိုးမိုးလူ့လောကမှာတောင် ရှိနေမှာ မဟုတ်တော့ဘူး၊ သွားပြီ ... အဲဒီတော့ ကူညီလက်စနဲ့ ဆက်ပြီးကူညီပါဦး သူငယ်ချင်းရာ၊ ငါ့မှာ အလုပ်တစ်ဖက်နဲ့မို့လို့ပါ၊ ဟော့ကောင် ... စိတ်ချနေမယ်နော်၊ မင်းဘာသာကြိုက်သလို ဖယားချ၊ လိုအပ်တာရှိရင် ငါ့ကိုပြော၊





အရေးကြီးတာက မိုးမိုး တစ်ခုခုမဖြစ်ဖို့ဘဲ၊ ဒါပဲနော် ... သူငယ်ချင်း ဖုန်းချလိုက်တော့မယ်၊ ငါ့အထက်အရာရှိ အခန်းထဲဝင်လာလို့"

နီမောင်က ချက်ချင်းဖုန်းပြန်ချသွားသည်။ သူ့မှာသာ ငေးငေးငိုင်ငိုင် ကျန်ရစ်သည်။

မိုးမိုးဟာ ဘယ်လိုမိန်းကလေးမျိုးပါလဲ။ အဘွားဝင်စားသည်ဟု တကယ် ထင်မှတ်နေပါသလား။ နောက် ... နီမောင်ပြောသလို စိတ္တဇဝေဒနာရှင် တစ်ဦးပါလား။

ဘာကြောင့်များ သူ့ဘဝသူ စိတ်ပျက်အားလျော့နေရပါသလဲ၊ သူမသာ နီမောင်နှင့်ပြန်ပေါင်းလျက် သားသမီးယူမည်ဆိုလျှင် သာယာသော အိမ်ထောင်စု ဖြစ်ကောင်းဖြစ်လာနိုင်သည်။

သူမ ဘာကြောင့် နီမောင့်ကို ပြန်မပေါင်းနိုင်ရပါသလဲ။ ဒါတော့ သူတို့အတွင်းရေးတွေ ရှိချင်ရှိပါလိမ့်မည်။ သူလက်ထဲမှ ဟမ်းဖုန်းလေးကို တစ်ချက်ကြည့်လိုက်သည်။

သည်အချိန် မိုးမိုးဘယ်လိုနေနေရှာမလဲ။

ရေစိုအဝတ်တွေနှင့်ပြန်သွားသည်မို့ အအေးပတ်ပြီး ဖျားနေမလား။ ဒါမှမဟုတ် ခေါင်းတွေကိုက်ခဲနေမလား။

ဒါမှမဟုတ်။

ဘာမှမဖြစ်ဘဲ မွေ့ရာပေါ်တွင် သက်သောင့်သက်သာရှိနေမလား။ ဒါမှမဟုတ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမည်လား။

သူ မိုးမိုးဆီ ဖုန်းဆက်ရန် ကြံရွယ်လိုက်သေးသည်။ နောက်မှ စိတ်ပြောင်းသွားကာ မဆက်ဖြစ်တော့ပါ။

"မနက်ဖြန်မှ သူ့အိမ်ရှေ့သွားပြီး အခြေအနေစောင့်ကြည့်ရမယ်"

သူ ပျင်းပျင်းရှိသည်နှင့် စာကြည့်ခန်းသို့ဝင်ကာ စာအုပ်တစ်အုပ်ကို



www.burmeseclassic.com

ကောက်ဖတ်နေလိုက်သည်။ ချက်ကော့ဗ်ရေးသည့် ဝတ္ထုတိုများပင်။ ဝတ္ထုဇါ ခေါ်ဆောင်ရာနောက်သို့ မျောလိုက်ပါစဉ် ခဏမှာတော့ သူ့အရာရာတိုင်းကို ခေတ္တခဏ မေ့လျော့သွားပါတော့၏။



## စောင့်ကြည့်သူ

နာရီနှိုးစက်သံက ကြည်ဖော်ဦး နာစည်ဝသို့ ဝင်ရောက်တိုးဖြတ်လာ
သည်။ ယခင်ကဆိုလျှင် နာရီနှိုးစက်သံက သူ့အတွက်မလိုပါ။ ညဆိုလျှင် အိပ်
ချင်သည့်အချိန်အိပ်၊ မနက်ဆိုလျှင် ထချင်သည့်အချိန်ထ။ သူ့အတွက် အကန့်
အသတ်မရှိ။ ဘာတာဝန်မှမရှိ။ ဘာအရေးအကြောင်းမှမရှိ။

ပြီးခဲ့သည့် အပတ်မှစကာ သူနာရီနှိုးစက်ကို အသုံးပြုလိုက်သည်။
က်(၇)နာရီဆို သူနိုးရန်အတွက်ဖြစ်သည်။ မိုးမိုးက (၉)နာရီဝန်းကျင်လောက်
ဆို အပြင်သို့ထွက်တတ်သည်မဟုတ်လား။

သူ — နိုးနိုးချင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ဒါက သူ့
ကျင့်။ မျက်နှာမသစ်မပြုသေးခင် ဆေးလိပ်လေး ဖွာရှိုက်ရသည်မှာ အလွန်
င်း အရသာရှိလှသည်။ အတွေးဉာဏ်တွေလည်း တဖျပ်ဖျပ်ဝင်လာသည်
ထင်သည်။ ဒီကနေ့ ဘာလုပ်ရရင်ကောင်းမလဲဟူသော အစီစဉ်တွေလည်း
င်းထဲသို့ ဝင်လာတတ်၏။

သည်တနေ့အဖို့တော့ ထွေထွေထူးထူးမရှိ။ မိုးမိုးအိမ်ရှေ့တွင် သွား
င့်နေမည်။ အချိန်အတော်လင့်၍ ထွက်မလာခဲ့လျှင် ဖုန်းနှင့်ဆက်သွယ်

www.burmeseclassic.com



မည်။ ဆက်သွယ်ပြီးမှသာ ထွက်ပေါ်လာသော အခြေအနေပေါ်မူတည်၍ လှုပ်ရှားရမည်။

သူ ... ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်ရှေ့တွင် ရပ်မိသည်။ နေရောင်ခြည်နုနုလေးက မြက်ခင်းတွေပေါ် သစ်ပင်တွေပေါ် ထိုးဖြာကျနေ၏။ ငှက်ကလေးတွေကတော့ ဟိုအပင်သည်အပင်ကူးလျက် မြူးထူးပျော်ရွှင်နေကြသည်။ ပျော်ရွှင်နေကြောင်းကိုတော့ သူတို့နှုတ်ဖျားမှထွက်လာသည့်အသံဆာဆာလေးတွေက သက်သေပြနေကြ၏။

ဦးလေးက စိုက်ပျိုးခြင်းကို ဝါသနာပါသောကြောင့် သူ့ခြံထဲတွင် သရက်၊ ပိန္နဲ၊ မရမ်း၊ မန်းကျည်း၊ ကျွဲကော စသည့်အပင်ကြီးများစိုက်ခဲ့သလို မျက်စိပသာဒဖြစ်စေရန် စပယ်၊ နှင်းဆီ၊ သစ်ခွ၊ သဇင်လိုပန်းတွေကိုလည်း လက်ပြုစုစောင့်ရှောက်နေသောကြောင့် ခြံဝင်းလေးသည် လှလှပပနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်နေ၏။

သူ ရေချိုးခန်းဝင်လိုက်သည်။ ရေအေးအေးထည့်ထားသော ကြွေခွက်ထဲတွင် ခပ်ကြာကြာ စိမ်လိုက်သည်မို့ ခေါင်းထဲတွင် လန်းလန်းဆန်းဆန်းဖြစ်သွား၏။ ရေချိုးပြီး အဝတ်အစားလဲတော့ သူနှစ်သက်သည့် ဂျင်းအနက်ရောင်နှင့် အပြာနုရောင် T ရှပ်ကို ဝတ်ဆင်လိုက်၏။

ထမင်းစားဆောင်ကိုဆင်းတော့ ရဲလေးက သူ့အတွက်နံနက်စာကို ပြင်ဆင်ထားပြီးလေပြီ။

"ဆရာကြိုက်တဲ့ နန်းကြီးသုပ်ဝယ်ထားတယ်"

"အေး ... ကောင်းတယ်"

"ကျွန်တော် နယ်ပေးမယ်"

နန်းကြီးသုပ်နယ်ပေးပြီး လက်ဖက်ရည်ဖျော်နေခိုက် ရဲလေးက သူ့ကိုကွက်ကြည့် ကွက်ကြည့်လုပ်ကာ ...





"ခုတလော ဆရာနည်းနည်းထူးခြားနေသလိုပဲ"

"ဘာကွ"

"ဩော် ... အရင် မနက် (၈)နာရီ အိပ်နေကျလူက ခုဆို မနက်(၇)နာရီထိုးတာနဲ့ထပြီး ရေမိုးချိုး အဝတ်အစားလဲ စားသောက်ပြီးထွက် ပြီ၊ ကားမောင်းပျင်းတဲ့ဆရာ ခုဆို ကျွန်တော့်တောင် မခေါ်တော့ဘူး"

"မင်းလိုက်စရာ မလိုလို့ပေါ့ကွ"

"ဒါဆို ... ဟုတ်ပါပြီ"

"ဘာဟုတ်တာလဲ"

"တစ်ယောက်ယောက်ကို သွားတွေ့တာဖြစ်မယ်"

"မင်းကသိချင်လို့လား"

"ခုမသိလည်း နောက်သိရမှာပဲ ဆရာရယ်"

"မင်းထင်တာ နည်းနည်းတော့လွဲသွားပြီ၊ ခုဟာက ကိုယ့်အတွက်မဟုတ်ဘူးကွ၊ သူများအတွက် အကျိုးဆောင်ရတာ"

ရဲလေးက သူ့ကိုနားမလည်သလိုကြည့်သည်။ ဘာမှတော့ ဆက်မမေးပါ။ သူကလည်း ဆက်မပြောတော့။

စားသောက်ပြီးစီးသည့်အခါ သူ ကားမောင်း၍ထွက်လာခဲ့သည်။ သည်နေ့ နည်းနည်းစောသည်ဟုထင်သည်။ မိုးမိုး အိမ်ရှေ့ရောက်တော့ ထုံးစံအတိုင်း ဂျာနယ်စာစောင်ကို ကားထဲမှာပင် ထိုင်ဖတ်နေလိုက်၏။

(၉)နာရီ မထိုးမီမှာပင် မိုးမိုး တိုက်ရှေ့သို့ထွက်လာတာတွေ့သည်။ သည်တစ်ခါတော့ ပခုံးကြိုးသိုင်း၊ ဒူးနားထိရောက်နေသော အပြာရောင်ဂါဝန်လေးနှင့်။ အပြာရင့်ရင့်အောက်တွင် ဝင်းမွတ်နေသည့် လည်တိုင်၊ ရင်သားနှင့် ခြေသလုံးလှလှလေးတွေကို အတိုင်းသားမြင်နေရ၏။ ဒေါက်ဖိနပ်က အနက်ရောင်။ ဆံပင် စင်းစင်းလေးတွေက သူမခေါင်းအလှုပ်တွင် ယိမ်းထိုးနေသည်။

www.burmeseclassic.com



နေကာမျက်မှန်ကို တပ်မြဲအတိုင်းတပ်သည်။ နောက် ... ကားအတွင်းသို့ဝင်ကာ မောင်းထွက်သွားသည်။ သည်နေ့မှာတော့ သူမ ဘာစိတ်ကူးပေါက်သည်မသိ။ သွားရိုးသွားစဉ်လမ်းကာမမောင်း။ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက် ဟိုဝင်သည်ထွက် တောက်လျှောက်မောင်းနေသည်။ အဝေးကသာ လိုက်နေရသော ကြည့်ဇော်ဦး တစ်ချက်တစ်ချက် မျက်ခြည်ပင်ပြတ်လုမတတ်။ ဘယ်သို့ ဦးတည်မောင်းနေမှန်းမသိသောကြောင့် စိတ်ထဲ စနောင့်စနင်း ပိုဖြစ်လာသည်။

"ဒီရပ်ကွက်ဟာ ငါနေတဲ့ရပ်ကွက်ပဲ"

မိမိနေသောရပ်ကွက် မိမိပြန်ရောက်နေသဖြင့် သူမျက်စိလည်ရသည်။ သူမ ဘယ်ကိုဦးတည်နေပါသလဲ။

အံ့ဩစရာတော့ကောင်းသည်။ သူမက သူ့ခြံရှေ့တည့်တည့်အရောက်တွင် တိခနဲရပ်လိုက်၏။ ကားပေါ်မှဆင်းကာ အတွင်းသို့ အကဲခတ်နေသည်။ ရဲလေး ဈေးသွားချိန်နှင့်မို့ အိမ်ရောခြံရော သော့ခတ်ထားသည်။

သူမလက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ရာကိုထုတ်သည်။ စာလေးတစ်စောင်၊ နောက် ... ခြံတံခါး သံတိုင်များကြားညှပ်လိုက်၏။ သူမနေသာတော့ ကားကို အိမ်ရှေ့ထိမောင်းလာခဲ့သည်။ မိုးမိုး သူ့ကိုမြင်သွားတော့ အပြုံးနှင့် ဆီးကြိုရှာသည်။

"မိုးမိုး ... "

"မနေ့က ကျွန်မကို ရှင်ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း စာလာပို့တာပါ၊ အဲဒီနေ့က ရေတွေစိုရွှဲနေတာနဲ့ ကြာကြာစကားမပြောလိုက်ရလို့၊ ကျွန်မအတွက်နဲ့ ရှင်ဒုက္ခတော်တော်များသွားတယ်နော်"

"အား ... ရပါတယ်၊ ဒီလိုမဟုတ်ပါဘူး။ ဒါနဲ့ မိုးမိုးက ကျွန်တော့်အိမ်ကို ဘယ်လိုသိတာလဲ"

"ဒါ ... သိပ်ဆန်းတဲ့ ကိစ္စမှမဟုတ်တာဘဲရှင်၊ စုံစမ်းတတ်ရင်





ဘာမဆို လွယ်လွယ်လေး"

သူ ခပ်ပြုံးပြုံးလေးလုပ်ကာ သံတိုင်ကြားက စာကိုလှမ်းယူလိုက်၏။

"ခုတော့ လူကိုယ်တိုင်တွေ့ပြီပဲ၊ စာပြန်ပေးတော့"

"ဟာ ... မပေးပါဘူး၊ အမှတ်တရ သိမ်းထားရမှာပေါ့"

သူက ပြောပြောဆိုဆို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်၏။ သူမ ဘာမှမပြောဘဲ ကားပေါ်ပြန်တက်သည်။

"ကျွန်မ ပြန်တော့မယ်"

"ဘယ်ကိုသွားမှာလဲ"

"ဦးတည်ရာတော့ မရှိပါဘူး။ ဒီလိုပဲ လျှောက်သွားမှာပေါ့"

"ကိုယ်ကလည်း ဒီလိုပဲ လျှောက်သွားနေတာပဲလေ"

"ဒီလိုလား၊ ဒါဆို ကျွန်မသွားတဲ့နေရာကို ရှင်လိုက်ချင်လိုက်ခဲ့"

"တကယ်"

"ရှင်က ကလေးမို့ ကျွန်မကနောက်ရမှာလား၊ ရှင့်ကားကိုထားခဲ့"

"အိုကေ"

ထိုစဉ်မှာပင် ရဲလေး ဈေးမှပြန်လာသဖြင့် အတော်ဖြစ်သွားသည်။

"ဟေ့ကောင် ... ကားကိုအထဲပြန်သွင်းထားလိုက်"

ရဲလေးက သူ့ကိုတစ်လှည့် မိုးမိုးကိုတစ်လှည့်ကြည့်ရင်း ... ပြိတ်တီးလေးဖြစ်နေသည်။ သူက ဘာကိုမှ ဂရုမစိုက်ဘဲ မိုးမိုးအနားတွင်ဝင်ထိုင်ကာ သူမခေါ်ဆောင်ရာနောက် လိုက်ပါသွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အားနာတတ်သူ

တောတန်းကြီးဘေးတွင် ကားကိုရပ်လိုက်သည်။ သည့်လိုနေရာမျိုး ကြည့်ဖော်ဦး တစ်ခါမှ မရောက်ဘူးပါ။ နှစ်ယောက်သားဆင်းကာ လမ်းလျှောက်လာကြသည်။ အတွင်းတွင် ကွေ့ကွေ့ကောက်ကောက် လူသွားလမ်းလေးတွေရှိသည်။ ပင်စည်တုတ်တုတ်ခိုင်ခိုင်ကြီးတွေနှင့် သစ်ပင်ကြီးများက တောအုပ်ကြီးကိုမိုးထားသည်။ နေ့လယ်နေ့ခင်းပင်ဖြစ်သော်လည်း နေပြောက်ပင်မထိုးနိုင်။ အေးမြသော သစ်ရိပ်အောက်တွင် လမ်းလျှောက်ရသည်က ချမ်းချမ်းမြမြ။ မော့ကြည့်၍ မဆုံးနိုင်လောက်အောင် ဖြောင့်ဖြောင့်တန်းတန်းနှင့် မြင့်မားလှသော သစ်ပင်ကြီးများ၏ ပင်စည်ကို ကြည့်ဖော်ဦး ကိုင်ကြည့်သည်။

တစ်လမ်းလုံး စကားတွေ ဖောင်ဖွဲ့လာသည့် မိုးမိုးတစ်ယောက်သည် တောအုပ်ထဲသို့အရောက်တွင် သိသိသာသာငြိမ်သက်သွား၏။ လမ်းလျှောက်ရာတွင်လည်း တုံ့ဆိုင်းဆိုင်းနှင့်။

"ဒီအပင်ကြီးတွေ့ သက်တမ်း နှစ်ထောင်လောက်ရှိပြီ"

"ကျွန်မကတော့ ဒီသစ်ပင်ကြီးတွေကြည့်ရင်း မနာလိုစိတ်တွေပေါ်မိတယ်၊ ကျွန်မတို့သေသွားရင်တောင်မှ ဒီအပင်ကြီးတွေ ရှင်ကျန်နေဦးမှာ"





တစ်နေရာအရောက် လှဲထားသော သစ်ပင်ကြီး၏ ပင်စည်ကို အလယ်မှ ဖြတ်ထားပြီး သမိုင်းဝင် ခုနှစ်ရက်စွဲများကို ရေးထားတာတွေ့ရသည်။

ကျွန်စစ်သား နတ်ရွာစံသည့်နှစ်။

သီပေါမင်းပါတော်မူသည့်နှစ်။

ပင်လုံစာချုပ် ချုပ်ဆိုသောနှစ်။

လွတ်လပ်ရေးရသောနှစ်

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့်နှစ် _ စသဖြင့်။ ရေးမှတ်ထားတာတွေက တော်တော်များသည်။ သစ်တောကြီးပိုင်းအတွင်း တာဝန်ရှိသူတစ်ဦးဦး၏လက်ရာပင်ဖြစ်ပါလိမ့်မည်။ သူမက ခုနှစ်သက္ကရာဇ်များအပေါ် လက်ညှိုးလေးထောက်လျက် _

"ဟော့ဒါ _ ကျွန်မမွေးတဲ့ခုနှစ်လေ၊ ဟော့ဒါက ကျွန်မသေဆုံးခဲ့တဲ့ ခုနှစ်ပေါ့ ... "

သူမညွှန်ပြသော ခုနှစ်တို့မှာ ကြာဖြူသွယ် အုတ်ဂူတွင်ရေးထိုးထားသော ခုနှစ်တွေဖြစ်နေသည်။ လွန်ခဲ့သည့် နှစ်တစ်ရာနီးပါးက ခုနှစ်တွေ။ သူ စိတ်ဒိုက်သွား၏။

"မိုးမိုးပြောတာ ကျွန်တော် နားမရှင်းဘူး ... "

"ကျွန်မလည်း ရှင့်ကို ဘယ်လိုရှင်းအောင်ပြောရမယ်မသိဘူး"

ကိစ္စကပြတ်ပြီ။ သူကိုယ်တိုင်ပင် မရှင်းပြတတ်တော့ သူလည်းသိဖို့ကြိုးစားတော့ပေ။ သူမက သစ်ပင်တစ်ပင်၏ ပင်စည်အပေါ် တစ်နေရာသို့ လက်ညှိုးထိုးပြရင်း ...

"ကျွန်မကို ဒီနေရာမှာမွေးခဲ့တာ၊ ပြီးတော့ _ ဟိုရှေ့ကမြင်နေရတဲ့ တောင်ကုန်းပေါ်က ဘုရားမှာဆုံးခဲ့တာပေါ့"

သူမပြသောဘုရားဆိုသည်မှာ ခပ်မတ်မတ်တောင်ပေါ်တွင် စေတီငယ်လေးတည်ထားခြင်းဖြစ်သည်။ တောင်ကုန်းက ပေ ၂၀၀ကျော်ကျော်လောက် မြင့်သည်ထင်သည်။ ထူးခြားမှုမှာ မတ်စောက်၍ လူသွားအုတ်လှေကားလေး



www.burmeseclassic.com

www.burmeseclassic.com



ထားရှိထားခြင်းပင်။ တစ်ဖက်တစ်ချက်တွင် လက်တန်းမရှိ၊ အကာအရံမရှိ။

ထိုစကားပြောနေစဉ်မှာပင် သူမတစ်ကိုယ်လုံး တုန်ယင်လာသည်။ လဲပြိုမလိုဖြစ်သွားသော သူမကို သူအလျင်အမြန် ပွေ့ဖက်ထားလိုက်ရ၏။

"မိုးမိုး သတိထားလေ၊ သတိထား"

"ဆောရီးပဲရှင်"

"မင်းဘယ်သူလဲ၊ ဘာကြောင့်သေခဲ့တာလဲ၊ မင်းကို ဘယ်သူဝင်ပူး တာလဲ၊ မင်းကိုရေထဲဆင်းခိုင်းတာ ဘယ်သူလဲ"

နတ်ဝင်သည်တစ်ဦးလို တုန်ယင်လျက် ခေါင်းကိုသာ တွင်တွင်ခါ သည်။

"ကျွန်မကို အဲဒါတွေ မမေးပါနဲ့၊ မမေးပါနဲ့၊ ကျွန်မပြောလို့မရဘူး"

သူမကိုယ်ကိုခွာကာ မတ်မတ်ပြန်ရပ်လိုက်၏။ ခဏအကြာတွင်–

"ကျွန်မတို့ ဘုရားတက်ပြီးဖူးရအောင်"

"ကျွန်တော်လိုက်လို့မရဘူး"

"ဘာရယ်ရှင့်"

"ကျွန်တော့်မှာ အမြင့်ကြောက်ရောဂါရှိတယ်၊ နည်းနည်းလေးအမြင့် ကိုတက်မိတာနဲ့ ဒူးတွေတုန်လာတယ်၊ ခေါင်းထဲမှာ မူးနောက်လာမယ်"

"ရှင့်ရောဂါက အဆန်းပါပဲလား၊ အဲဒါစိတ်ကြောင့်ဖြစ်တာနေမှာ၊ လာပါဒီတောင်ကုန်းက သိပ်မြင့်တာမှမဟုတ်တာ၊ ကျွန်မလည်းပါနေတာပဲ၊ တစ်ခါလောက်တော့ တက်ကြည့်ပေါ့၊ ဒီလိုပဲ ကျင့်ယူရင်ရနိုင်တာပဲ"

မိုးမိုးက သူ့လက်ကိုဆွဲကာ အတင်းခေါ်သွားသည်။ သူမှာယောက်ျား တန်မဲ့ ရှက်လည်းရှက်သွားသည်။ မည်သို့မျှ မဆိုနိုင်ခင်မှာပင် ဘုရား၏ပထမ ဦးဆုံးအုတ်လှေကားထစ်ဆီ ရောက်သွား၏။ သူမက ပေါ့ပေါ့ပါးပါးပင် သူ့ လက်ကိုဆွဲ၍ တက်သည်။

တစ်ထပ် ... နှစ်ထပ် ... သုံးထပ် ... ။

လှေကားထစ်များ၏အလယ်လောက်အရောက်တွင် ...





"အာ ... မဖြစ်တော့ဘူးမိုးမိုး ... မဖြစ်တော့ဘူး"

သူငုတ်တုတ်ထိုင်ချလိုက်ရ၏။ ဘယ်လိုမှ ဆက်တက်လို့မဖြစ်တော့ပါ။ ခေါင်းထဲတွင် မိုက်ခနဲ မိုက်ခနဲဖြစ်ကာ ထိုးအန်တော့၏။

"အို ... ရှင်တကယ်ဖြစ်တာပဲ"

"ခင်ဗျားပဲ ဆက်တက်တော့ မိုးမိုး ... ကျွန်တော့်ကိုထားခဲ့"

"စိတ်မကောင်းလိုက်တာရှင်"

"ရတယ် ... ရတယ် ... ခင်ဗျားဘာသာသွားတော့"

သို့နှင့်သူသတိကြီးစွာထားလျက် ဆင်းခဲ့ရ၏။ မိုးမိုးကိုလှမ်းကြည့်တော့ ရင်ပြင်တော်အစွန်းနဘေးတွင် ရပ်ငေးနေတာတွေ့သည်။ အမြင့်တက်ဖို့နေနေ သာသာ အမြင့်တစ်နေရာတွင် ရပ်နေသူကို ကြည့်ရသည်ကိုပင် အသည်းယား ခဲ့ပြီ။ မိုးမိုးပြန်ဆင်းလာသည့်အခါ ...

"ကျွန်မ ရှင့်ကို စိတ်အနှောင့်အယှက်ပေးသလိုဖြစ်သွားတယ်"

"ကျွန်တော့်ကိုယ်ကျွန်တော်သိတယ်၊ အားနာစိတ်ကြောင့်ပြတ်ပြတ် သားသားမပြောခဲ့မိတာ ကျွန်တော့်အမှားပါ"

"သက်သာရဲ့လားဟင်"

"ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေသေးတယ်"

"ကိုင်း ... ဒါဆို ကျွန်မတို့ ဘယ်မှဆက်မသွားတော့ဘူး၊ ရှင့်အိမ်ကို လိုက်ပို့ပေးမယ်၊ အနားယူလိုက်ရင် သက်သာသွားမှာပါ"

သည်တစ်ခါတော့ သူအားမနာနိုင်တော့ပါ။ ခေါင်းညိတ်ပြလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ဆိုးများ

ညအိပ်ရာမဝင်ခင် ရေချိုးခန်းဝင်သည့်မှာ မိုးမိုး၏နိစ္စဓူဝ အလုပ်ပင်ဖြစ်၏။ ရေလေးမှမချိုးရလျှင် အိပ်ရာထဲတွင် ယားသလိုလို ယံသလိုလို။ အိပ်ရာတော စိတ်မဖြောင့်။ ဆောင်းတွင်းဘက်ဆိုလျှင်တော့ အိပ်ဖော်မလေးက ရေကို ရေနွေးလေးဖြင့် စပ်ပေးထားတတ်သည်။

အိပ်ရာဝင်တော့မှာမို့ မျက်နှာပေါ် အလှဆီခရင်လေးသာ ပါးပါးလေး လိမ်းလိုက်သည်။ သူမမျက်နှာအား မှန်ထဲတွင်ကြည့်မိသည့်အခါတိုင်း ကျေနပ်စိတ်တော့ဖြစ်ရ၏။ မိမိကိုယ်မိမိ အထင်ကြီးလိုစိတ်တော့မဟုတ်ပါ။ အမေက ပြေပြစ်သပ်ရပ်သောမျက်နှာလေးကို ဖန်တီးပေးလိုက်သည့်အတွက် ဂုဏ်ယူလိုက်ခြင်းဖြစ်သည်။

"ကိုကြည်ဇော်ဦး — ငါ့ဆီခဏ်းကပ်လာတာ ငါ့မျက်နှာကြောင့်ဖြစ်လေမလား"

"အို — မဟုတ်သေးပါဘူး။ သူက ငါ့ရဲ့အသက်သခင် ငါကိုယ်တိုင်က သူ့ကိုတွေ့ချင်လို့သွားခဲ့တာ"





"သူဟာ တည်ကြည်တဲ့ယောကျ်ားတစ်ယောက်ပါ။ နေတာထိုင်တာ တည်ငြိမ်တယ်၊ ခင်မင်စရာစကားတွေပြောတတ်တယ်၊ သူနဲ့အတူရှိနေတဲ့ အချိန်ဟာ ပျော်စရာကောင်းတယ်"

"ဒီကနေ့ အဖြစ်ပျက်အတွက် သူ့ကိုသနားသွားလိုက်တာ၊ မျက်နှာကြီးတစ်ခုလုံးနီရဲသွားတာပဲ၊ ရှက်လို့ထင်ပါရဲ့၊ သူ မသက်မသာကို ခံစားနေရတဲ့ပုံပဲ၊ ငါဟာ တော်တော်မကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ"

သူမ ညဝတ်အင်္ကျီကို လဲလှယ်လိုက်၏။ ထိုစဉ်အခိုက် ကြည်ဇော်ဦးဆီ ဖုန်းဆက်ချင်စိတ်တွေပေါ်လာသောကြောင့် တုန့်ဆိုင်းမနေတော့ဘဲ ဟမ်းဖုန်းကိုထုတ်ကာ ခလုတ်လေးတွေနှိပ်လိုက်သည်။ လွယ်လွယ်ကူကူပင် လိုင်းဝင်သွားပါသည်။

"ဟဲလို ... "

"ကိုကြည်ဇော်ဦးလား"

"ဗြော် ... မိုးမိုး"

"ရှင် ... နေရထိုင်ရတာ အဆင်ပြေသွားပြီလား"

"မိုးမိုးပြောသလို အနားယူလိုက်တော့ ကောင်းသွားပါတယ်"

"ကျွန်မကို ခွင့်လွှတ်ပါနော်"

"အား ... ကိစ္စမရှိပါဘူး"

"ကျွန်မတောင် အိပ်ရာဝင်တော့မလို့"

"ကောင်းသောအိပ်မက်တွေမက်ပါစေလို့ ဆုတောင်းပါတယ်"

"ရှင့်ဆုတောင်းကပြည့်မယ်မထင်ဘူး။ ကျွန်မလေ မကြာခဏဆိုသလို အိပ်မက်ဆိုးတွေမက်တယ်"

"ဘယ်လိုတွေ မက်တာလဲ"

"ကျွန်မအမှောင်ကို သိပ်ကြောက်တယ်၊ အမှောင်ထဲမှာထိုင်နေရင်



www.burmeseclassic.com

www.burmeseclassic.com



အဖုံးပွင့်နေတဲ့ ကျောက်ခေါင်းတလားကြီးပေါ်လာတယ်၊ အထဲမှာလည်း ဘာ မရှိဘူး။ ကျောက်ခေါင်းတလားကြီးက ကျောက်ဖြူသားစစ်စစ်နဲ့ ဖြူဖွေးသန့် နေတာပဲ၊ ကျွန်မက အဲဒီအထဲကို ဝင်သွားရတယ်တဲ့၊ ဒါဟာ ခဏ ခဏမ နေတဲ့အိပ်မက်ပဲ''

''စိတ်အစွဲကြောင့်လည်းဖြစ်မှာပါ၊ နောက်ကော _ ''

''နောက်အိပ်မက်ရှိသေးတယ်၊ ကျွန်မ မြို့လေးတစ်မြို့က ဘုရားရှိ ကျောင်းကိုရောက်သွားတယ်၊ အဲဒီကျောင်းဝင်းထဲမှာ မျှော်စင်ကြီးတစ်ခုရှိတယ် မျှော်စင်ကြီးက မြင့်မြင့်နဲ့ အဖြူရောင်ကြီး၊ အပေါ်မှာလည်းခေါင်းလောင်းကြ တစ်ခုရှိတယ်၊ ကျောင်းဝင်းထဲက မြက်ခင်းစိမ်းစိမ်းပေါ်မှာ ကလေးတွေကစာ နေကြတယ်''

''နောက်ပြီးတော့ရော''

''ပန်းချီကားတစ်ချပ်ထဲမှာ ကျွန်မဖြစ်နေတယ်''

''ဟင်''

''ဘာလဲဟင် _ ကျွန်မပြောတာကို မယုံဘူးပေါ့၊ ကျွန်မကို ရူးနေ တယ်ထင်လို့လား၊ ကျွန်မ မရူးပါဘူးနော်''

''အား _ ဒီလိုသဘောမျိုး မဟုတ်ပါဘူး''

''ကျွန်မ အိပ်ချင်ပြီ ... နောက်နေ့မှတွေ့ကြတာပေါ့၊ ဂွတ်နိုက် ကိုကြည်ဇော်၊ ကျွန်မ ရှင်နဲ့နေရတာ ပျော်တယ်''

သူမ ဖုန်းကိုပိတ်လိုက်သည်။ ဖုန်းဆက်ချင်တုန်းကလည်းသူမ။ ရုတ် တရက်စကားစ, ဖြတ်လိုက်တာလည်းသူမ။ သူမစိတ်ကိုပင် သူမနားမလည်နိုင် တော့ပါ။ အိပ်မက်ဆိုးများအပေါ်တော့ သူမ ဘယ်လိုအဓိပ္ပာယ်သတ်မှတ်ရမှန်း မသိတော့။ သူမ တစ်ချက်သမ်းဝေလိုက်၏။

♐ ❖ ♐



## ပင်လယ်နှင့်ပျော်ရွှင်မှု

(၃)ရက်မြောက်သောနေ့တစ်နေ့။ ထိုရက်အတောအတွင်း မိုးမိုးထံ သွားသလို၊ ဖုန်းအဆက်အသွယ်လည်းမလုပ်ခဲ့။ ဘာကြောင့်မှန်းလည်းမသိ။ အုပ် များတစ်အုပ်ပြီးတစ်အုပ်ဖတ်ကာ အချိန်ဖြုန်းနေလိုက်သည်။

စာသာဖတ်နေရသည် စိတ်တွေက မိုးမိုးဆီသို့ ရောက်နေလျက်။ ကယ်ဆိုလျှင် သူမိုးမိုးကို နေ့တိုင်းတွေ့ချင်နေမိသည်။ တမ်းတမ်းတတဖြစ် မိသည်။ သူမနှင့်အတူ နေရတာပျော်သည်။ ကြည်နူးသည်။ တစ်ချက် တစ် က် ငါသူ့ကိုများ ချစ်နေမိပြီလားဟု အလန့်တကြားတွေးမိသည်။ ထိုကိစ္စမဖြစ် သာ၍တော့ စိတ်ထဲတွင် အတန်တန်သတိပေးနေရ၏။ ယောကျ်ားနှင့်တရားဝင် တ်စဲထား၍ ဥပဒေအရ မည်သို့မျှ မငြိစွန်းသော်လည်း လူမှုရေးအရ နိမောင့် ကြည့်ရဦးမည်။ မျက်နှာပျက်စရာတွေဖြစ်လာမည်။ ထို့ကြောင့် သံယောဇဉ် တွမတိုးပွားခင် ခပ်ကင်းကင်းလေးနေကြည့်မလားဟု စိတ်ကူးသည်။ စိတ်ကို င်းထားရသည့်အလုပ်က သိပ်တော့မလွယ်ကူလှပါ။ သူ့တစ်သက်တာတွင် ရင်ဘတ်ကို ခပ်ကြမ်းကြမ်းလေးဆွဲလှုပ်နိုင်သော မိန်းကလေးတစ်ယောက် ၍တော့ အသေအချာပြောနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထုံးစံအတိုင်း မနက်(၇)နာရီတွင် နိုးသည်။ ရေချိုးအဝတ်အစား လဲပြီးသည့်နောက် နံနက်စာစားနေတုန်း ရဲလေး အရှေ့မှဝင်လာကာ ...

''ဟိုနေ့က ဆရာနဲ့အတူတူတွေ့လိုက်ရတဲ့ အစ်မလေးနာမည် ဘယ်သူလဲ ... ဆရာ''

''မင်းနဲ့ဘာဆိုင်လို့လဲ''

''အဲဒီအစ်မလေး အိမ်ရှေ့ညှော်ခန်းမှာ ရောက်နေတယ်''

''ဟေ''

သူနားကိုပင် သူမယုံကြည်နိုင်သလိုဖြစ်သွားသည်။

''ဟေ့ကောင် ... မင်းတကယ်ပြောနေတာလား''

''ကျွန်တော် ဆရာ့ကို မဟုတ်တာ ပြောရဲပါ့မလား ဆရာရယ်''

''ကားစက်သံလည်း မကြားရဘူး''

''သူ့ကားအစိမ်းကြီး ခြံဝမှာရပ်ထားတယ်''

သူ့အတွက်တော့ ရင်တွေတော်တော်ခုန်သွားတာ မပြောတတ်နိုင်အောင်ပေ။ သူစားလက်စကို အပြီးသတ်အောင် မစားနိုင်တော့။ ချက်ချင်းပင်ရပ်နားကာ ညှော်ခန်းသို့ထွက်လာခဲ့သည်။

''မိုးမိုး ... ''

''အံ့သြသွားလား''

''ကြိုမစဉ်းစားထားတော့ ... ''

''ဒီလိုပဲဖြစ်ရမယ်လေ''

မိုးမိုးက အပြုံးယဲ့ယဲ့လေးကို ပြုံးလိုက်သည်။

''ရဲလေး ... ''

သူခေါ်သံကြောင့် အတွင်းပိုင်းမှ အဆင်သင့်ရှိနေဟန်ဖြစ်သော ရဲလေး ထွက်လာသည်။





''ပြောပါ ... ဆရာ''

''မိုးမိုးအတွက် တစ်ခုခုစီစဉ်လိုက်ပါ''

''ဟာ ... မလုပ်နဲ့၊ မလုပ်နဲ့ ကျွန်မ အိမ်ကစားလာခဲ့ပြီးပြီ''

''မဟုတ်တာ မိုးမိုးရယ်''

''ဟန်ဆောင်ခြင်းအတတ်ပညာ ကျွန်မ မကျွမ်းကျင်ဘူးနော်၊ ကျွန်မ ပြောတာသာ လိုက်နာပါ''

သူမက အတည်ခန့်ပုံစံမျိုးနှင့်ပြောလာသောကြောင့် သူလက်လျှော့လိုက်ရ၏။

''ဒါဆို ... မင်းလုပ်စရာရှိတာလုပ်တော့''

''ဟုတ်ကဲ့''

ရဲလေးထွက်သွားပြီးသည့်နောက် ... သူ မိုးမိုးကိုစေ့စေ့လေးကြည့်မိ၏။ သည်တစ်ကြိမ် ဝတ်ထားသည့်ဝတ်စုံက ပန်းနုရောင်။ အစိမ်းရင့်ရင့်ကြိုက်ခဲ့သလို၊ အပြာရင့်ရင့်ကြိုက်ခဲ့သလို၊ ယခုလို ပန်းနုရောင်ဖျော့ဖျော့ကိုလည်း ကြိုက်တတ်ပါလားဟု စောဒက တက်မိသည်။ မိန်းမတစ်ယောက်အနေနှင့် အရောင်အမျိုးမျိုးကို ကြိုက်ပိုင်ခွင့်ရှိသည်ကိုတော့ သူမငြင်းနိုင်ပါ။

မျက်နှာတွင်တော့ မိတ်ကပ်ပါးပါးလေးကို လိမ်းချယ်ထားသည်။ မိုးမိုးဆိုကတည်းက သူ့ရင်တွေ တဆတ်ဆတ်ခုန်နေသည်ကတော့ ထူးဆန်းလှပါ၏။

''မိုးမိုး အရေးကြီးတဲ့ကိစ္စရှိလို့လား''

''အဲသလိုတော့ မဟုတ်ပါဘူး ... ဖြန်းစားကြီးဆိုတော့''

''ရှင် အဝတ်အစားနှစ်စုံလောက်ထည့်ခဲ့၊ ကျွန်မ ခရီးထွက်မလို့''

''ကျွန်တော်က ... ''

''ရှင် ... ကျွန်မနဲ့အတူတူလိုက်ခဲ့ရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ"

"ဒါတော့ ကျွန်မကြို့ပြောလို့မဖြစ်ဘူး"

သူမစကားတွေက အမိန့်ပေးသလိုဆန်နေသော်လည်း သူ့စိတ်ထဲတွင်တော့ အပြစ်မြင်စရာအကြောင်း မရှိခဲ့ပါ။ အစကတည်းက သူမသွားရာနောက် တကောက်ကောက်လိုက်ခဲ့သူမို့ပင်။

"ကျွန်တော်က ကြောက်တတ်တယ်"

အမြင့်တက်ခြင်းကိစ္စနှင့် စောင်းပါးရိပ်ခြေမြောက်လိုက်သည်မို့ သူမက သဘောကျစွာ တခစ်ခစ်ရယ်မောလျက် ...

"စိတ်ချ ... သည်တစ်ခါ ဖျာပေါ်ကနေ ကြမ်းပေါ်ဆွဲခေါ်မှာ"

"ဘယ်လောက်ကြာမှာလဲ"

"နှစ်ညအိပ် ... သုံးရက်ခရီး"

သူ ရဲလေးကိုခေါ်ကာ ပြင်ဆင်ခိုင်းလိုက်ပါသည်။

ထို့နောက် ...

"ကျွန်မကားကို ရှင်မောင်းရမှာနော်"

သူနှစ်လိုစွာဖြင့် ခေါင်းကိုညိတ်ပြသည်။ အဆင်သင့်ဖြစ်သွားသောအခါ သူတို့အစိမ်းရောင်ကားကြီးပေါ်တက်လိုက်ကြသည်။ သူက ဒရိုင်ဘာနေရာ။ ကားစက်နှိုးပြီးသည့်အခါ ...

"ကိုင်း ... ကျွန်တော်က ကားမောင်းရမှာဆိုတော့ သွားမယ့်နေရာကိုသိမှဖြစ်မှာ၊ ပြော ... ဘယ်ကိုမောင်းရမှာလဲ"

သူက မထူးတော့ပါဘူးဟူသည့် အမူအရာလေးတစ်ခုဖြင့် ...

"ချောင်းသာ ..."



## အချစ်နှင့်ရမ္မက်

ပင်လယ်ပြင်ဘက်မှ လှိုင်းလုံးများက တလိမ့်လိမ့်တက်လာပြီး ကမ်းခြေကို ရိုက်ခတ်ကြသည်။ တချို့ ကျောက်ဆောင်များကြားသို့ အရှိန်ပြင်းပြင်းနှင့်ဝင်တိုက်ကာ ရေစက်ရေပေါက်များ အမွှားမွှားကွဲထွက်လာပုံမှာ ကြည့်လို့ပင်ကောင်းသေးတော့၏။

သူတို့ ညနေပိုင်းလောက်တွင် ချောင်းသာသို့ရောက်သည်။ ပင်လယ်ကိုမြင်မြင်ချင်း စိတ်တွေ လန်းဆန်းသွားသည်။ ဟိုတယ်တွင် အခန်း နှစ်ခန်းယူသည်။

ရောက်ရောက်ချင်းအနားပင် မယူနိုင်။ ကမ်းခြေသို့ဆင်းကာ လျှောက်သည်။

လတ်ဆတ်သော လေကို တစ်ဝကြီးရှူပစ်လိုက်၏။

"ဒီကိုလာဖို့ ဘယ်တုန်းကတည်းက ကြံစည်ထားတာလဲ"

"မနေ့ညကမှ စိတ်ကူးပေါ်လာတာ"

သူတို့စေတီလေးနားထိလျှောက်ဖြစ်ကြသည်။ ကြွေးတော်ကြခဲ့နေလုံးကြီး ပင်လယ်ထဲငုပ်လျှိုးပျောက်ကွယ်သွားတာကိုလည်း ကြည့်ချင်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



၏။ ကောင်းကင်ကြီးကတော့ အပြာရောင်တွေဖြန့်ခင်းထားပြီး အဖြူရောင်တိမ်လိပ်တွေကို ထွေးပိုက်ထားဆဲ။

"မိုးမိုးကို ပြောစရာရှိတယ်"

သူမက သူ့ကို အသာအယာစောင်းငဲ့ကြည့်သည်။

"ကျွန်တော်နဲ့ နီမောင်က ကျောင်းနေဖက်သူငယ်ချင်းတွေ"

"သိသားပဲ"

"ဟင် ... ဘယ်တုန်းကသိတာလဲ"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကိုနီမောင် ကျွန်မဆီလာတယ်၊ စကားစပ်မိကြရင်း ရှင့်အကြောင်းကို ပြောဖြစ်ကြတာ၊ နာမည်နဲ့ဖုန်းနံပါတ်က ရှင်ဖြစ်ကြောင်း ကောင်းကောင်းကြီးသိနိုင်တာပဲ"

"သူဘာတွေပြောသေးလဲ"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျောင်းတုန်းက အတူတူတွဲတယ်၊ နောက်ကွဲသွားကြတယ်၊ ပြန်တွေ့ကြတာ မကြာသေးဘူး။ အဆက်အသွယ်ရှိတယ်၊ ဒီလောက်ပါပဲ ..."

သူမကို စောင့်ကြည့်နိုင်းသည့်ကိစ္စကိုတော့ ထည့်ပြောထားပုံမပေါ်ပါ။

"မိုးမိုး ... နီမောင့်ကို ပြန်မပေါင်းတော့ဘူးလား"

"ရေစက်က ကုန်နေပါပြီ"

"သူကတော့ တော်ရုံအလျှော့ပေးမယ့်ပုံမပေါ်ဘူး"

"အဲဒါကတော့ သူ့သဘောပဲ၊ ကျွန်မကတော့ သူ့ကို မချစ်တော့ဘူး။ သူ့ရုပ်ရည်ကတော့ ကျွန်မရင်ထဲမှာ ဆက်ရှိနေတာအမှန်ပဲ။ ကျွန်မ မိဘတွေမှာ အတော်အသင့်ရှိခဲ့တယ်၊ GREEN STAR တည်းခိုဆောင်ဟာ အရင် ကျွန်မ မိဘတွေပိုင်ခဲ့တဲ့ အဆောက်အဦပေါ့၊ သူ့ဘက်က ဘာမှပါလာတာမဟုတ်ဘူး၊ ကျွန်မ မိဘ





ပစ္စည်းတွေ ထိုင်ဖြုန်းတာသူလေ၊ နောက်ဆုံးရှိသမျှ ပစ္စည်းတွေ ထုခွဲ ရောင်းချပြီး ငှားနေရတဲ့အဆင့်ထိရောက်သွားတာ၊ ဒါတင်မကဘူး ... မိန်းမကိစ္စပါ ရှုပ်သေးပွေသေးတာ၊ ကြာတော့ ကျွန်မလည်း မခံနိုင်တော့ဘူး၊ ဒါကြောင့် ကွာရှင်းပြတ်စဲလိုက်ကြတာ"

ယခုလက်ရှိ သူမအနေအထားက တစ်မျိုးဖြစ်နေသည်မို့ နားမလည်သလိုတော့ ဖြစ်သွားသည်။

"မွေးစားမိဘတွေလည်း အဲဒီစိတ်နဲ့ပဲ ဆုံးတယ်၊ ဆုံးပြီးတစ်နှစ်လောက်ကြာတော့ ရုတ်တရက် အမေရင်းပေါ်လာတယ်၊ အဖေရင်းက မရှိတော့ဘူး၊ အမေက နောက်အိမ်ထောင်နဲ့၊ ဒါဟာလည်း ကျွန်မဘဝအတွက် အလှည့်အပြောင်းဖြစ်လာတာပါပဲ၊ အမေက ကျွန်မကို အဖိုးတန်ပစ္စည်းတော်တော်များများအမွေခွဲပေးတယ်၊ လက်ရှိနေတဲ့ အိမ်နဲ့ကားကိုဝယ်ပေးတယ်၊ ကျွန်မအခြေအနေတွေပြောင်းသွားတော့မှ သူကပြန်ပြီး ပေါင်းသင်းချင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ သာမှနားပြီး နာရင်ထွက်ပြေးတဲ့လူမျိုးကို ကျွန်မ ခေါင်းထဲပြန်ထည့်ရဦးမှာလား၊ ခုရှင်နဲ့ဆုံဖြစ်ခဲ့တဲ့ နောက်ပိုင်းမှာတော့ ... ကျွန်မ ဆုံးဖြတ်ချက်တွေ ပိုပြီးခိုင်မာသွားခဲ့တယ် ... အဲဒါဘာကြောင့်လဲ သိလား"

သူက အင်းမလှုပ်၊ အဲမလှုပ်။ ငြိမ်သက်ရုံကလွဲလျှင် ပြောစရာမရှိ။ သူမက သူ့ရှေ့တွင် မျက်နှာချင်းဆိုင်တည့်တည့်ရပ်ကာ သူ့မျက်လုံးတွေကို စူးနစ်ရဲရဲကြည့်သည်။

အသနားခံသော မျက်လုံးမျိုး။

"ကျွန်မ ... ရှင့်ကိုချစ်သွားလို့ပဲ"

သူမက ပြောပြောဆိုဆို သူ့ရင်ခွင်ထဲသို့တိုးဝင်သည်။ သူက ကြေးသောင်ကာတမ်းဖြစ်စွာ ပြန်ဖက်ထားလိုက်၏။ အာရုံကြောတွေ နိုးထလာသလို



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေလည်း ပွက်ပွက်ဆူဝေလာသည်။

"ကျွန်မလေ၊ ရှင့်ကိုစတွေ့ကတည်းက ချစ်သွားခဲ့တာ၊ ဒါဟာ မှန်သောစကားပါပဲ မောင်ရယ်"

"မောင်လည်း မင်းကိုသိပ်ချစ်ပါတယ်"

ပင်လယ်ထဲသို့ နေလုံးကြီးဝင်ပြီး ... မကြာမီမှာပင် အမှောင်သမ်းလာသည်။ သူတို့ညစာကို ဆိုင်တစ်ဆိုင်တွင် စားကြသည်။ နှစ်ယောက်စလုံး ပျော်နေကြသည်မို့ အစာပင် ကောင်းကောင်းမဝင်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မဝနိုင်အောင်ပင်။

ဟိုတယ်သို့ပြန်ရောက်သည့်အခါ ငှားထားသော အခန်းနှစ်ခန်းကို ပြန်အပ်ကာ နှစ်ယောက်အိပ် တစ်ခန်းနှင့်လဲလိုက်ကြသည်။ ထိုညအတွက် အိပ်မက်တွေကတော့ ထူးခြားဆန်းကြယ်လို့နေမည်ဖြစ်ပါ၏။

သူတို့ချောင်းသာတွင် (၃)ညအိပ်ဖြစ်သွားကြသည်။ ထိုရက်အတော အတွင်းမှာပင် သူတို့မခွဲနိုင်မခွာရက်အောင်ဖြစ်သွားကြ၏။ အချစ်၏စွမ်းပကား တွေက ကြီးမားလှပါပေ၏။

သူတို့အရမ်းကို ပျော်ခဲ့ကြသည်။ မိုးမမြင်လေမမြင်ဟုပင်ဆိုဆို၊ သူ့အတွေ့အကြုံမရှိခဲ့သူမို့ တကယ့်လက်တွေ့ပင် ပို၍ခံစားနေရ၏။

"မောင် ... အရူးအမူးကိုချစ်ခဲ့တာပါ မိုးမိုးရယ်"

သူတို့ ချောင်းသာမှ ပြန်လာခဲ့ကြသည်။

"ဘယ်တော့မှ မေ့နိုင်မှာမဟုတ်တဲ့ ခရီးလေးတစ်ခုပါပဲ မောင်ရယ်"

ကိုယ်စီ အိမ်ပြန်ရောက်တော့လည်း ဖုန်းခဏခဏဆက်ဖြစ်ကြသည်၊ သူတို့ကိစ္စသာ နီမောင်သိလျှင် ဘယ်လိုဖြစ်မည်လဲ။ မျက်နှာပူစရာကောင်းတာ တော့အမှန်ပင်။ သို့သော် ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ။ ကြည့်ပြီးရင်ဆိုင် ရုံသာရှိတော့သည်။ ဖုန်းဆက်သည့်အခါတိုင်းလည်း ...





"အိပ်မက်တွေမကောင်းဘူး မောင်ရယ် ... မိုးမိုး တဖြည်းဖြည်း ကြောက်လာပြီ"

♐ ❖ ♐

www.burmeseclassic.com

## ရုတ်တရက်တွယ်လွန်ခြင်း

တစ်ခုသော နံနက်ခင်းလေးတွင်ဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ် အိပ်ပစ်လိုက်မည်ဟု စိတ်ကူးထားသောကြောင့် ညကတည်းက နာရီနှိုးစက်ကို ပိတ်ထားခဲ့သည်။ အိပ်ကောင်းကောင်းနှင့်အိပ်နေဆဲ ...

"ဒုန်းဒုန်း ... ဒုန်းဒုန်း ....ဒုန်းဒုန်း ... "

အခန်းတံခါးကို ခပ်ကြမ်းကြမ်းလာခေါက်သံ။ သူလန့်ဖျပ်ကာ နိုးသွားသည်။ သည်လိုအဖြစ်မျိုး တစ်ခါမှမကြုံဘူး။ သည်အိမ်တွင် တခြားလူမှာ ရဲလေးသာရှိသည်။ ဘယ်လောက်ပင် အရေးကြီးကြီးရဲလေးသည်လို မလုပ်တတ်။ ခုတော့ ...

"ဒုန်းဒုန်း ... ဒုန်းဒုန်း ... ဒုန်းဒုန်း ... "

"ဘယ်သူလဲ"

"မိုးမိုးပါမောင်ရဲ့"

မိုးမိုးဆိုသောကြောင့် သူကမန်းကတန်းထလိုက်သည်။ အခန်းတံခါးကို ဖွင့်တော့ မျက်စိမျက်နှာပျက်နေသော မိုးမိုးကို တွေ့ရ၏။

"ရဲလေးရော ..."





"အောက်မှာ ... သူ မနိုးရဲလို့ မိုးမိုးလာနိုးတာ"

"အရေးကြီးလား"

သူမက သူ့ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။

"အိပ်မက်တွေက ပိုပြီးချောက်ချားလာပြီမောင်ရယ်၊ အရမ်းကြောက်ဖို့ကောင်းလာပြီ၊ အိပ်တောင်မအိပ်ရဲတော့ဘူး — သည်လိုသာ ဆက်ဖြစ်နေရင် မိုးမိုး လူ့လောကကြီးမှာ ဘယ်လိုမှဆက်နေလို့ရမှာ မဟုတ်တော့ဘူး"

"မဟုတ်တာ မိုးမိုးရယ်"

"ဘုရားကျောင်းထဲက ခေါင်းလောင်းသံ ဆူညံနေတာတွေ အခုတလောဆက်တိုက်လိုလိုမက်နေတယ်၊ ဆံပင်စုတ်ဖွားနဲ့ ဝိညာဉ်တွေက ဟိုသွားလိုက်သည်သွားလိုက်၊ မျက်နှာတွေက စုတ်ပြတ်လို့ သွေးတွေရဲပတောင်းခတ်ပြီး သွားတွေလည်းတစ်ချောင်းမှမရှိဘူး၊ အမလေး ... ပြောရင်းတောင် ကြောက်လာပြီ"

"အဲဒီဘုရားကျောင်း အပြင်မှာရှိလား"

"ရှိတယ် ... စွန့်ပစ်ခံရပြီးတဲ့နောက် မိုးမိုး အဲဒီကျောင်းမှာနေခဲ့ရတာ၊ အဲဒီကိုသွားချင်တယ်မောင်ရယ် ... လိုက်ပို့ပေးပါနော်"

"ဘာ ါလောက်ဝေးလဲ"

"မိုင်(၂၀)လောက်ပါပဲ"

"အဲဒီကို မဟုတ်ဘဲ တခြားတစ်နေရာကိုဆိုရင်ကော"

"ဟင့်အင်း အဲဒီကိုပဲသွားမယ်၊ မောင်းလိုက်ပို့"

သူမအတင်းအကျပ် တောင်းဆိုနေမှုကြောင့် သူမငြင်းသာတော့ပေ။

"ဒါဆို ... ခဏစောင့်"

သူရေမိုးချိုး၊ အဝတ်အစားလဲကာ မိုးမိုးနှင့်အတူထွက်လာခဲ့သည်။ တောထဲတွင် ပါလာသည့် မိုးမိုး၏မျက်နှာက မရွှင်လန်း။ [illegible]ခုကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကြနေပုံလည်းရသည်။

ဘုရားရှိခိုးကျောင်းဝင်းလေးက အလွန်ပင်သာသာယာယာရှိလှပါသည်။ စိမ်းမြမြမြက်ခင်းပြင်တွေက မြင်ရသူရင်ကို အေးမြသွားစေနိုင်၏။ ကျောင်းဝင်းကလေးကလည်း ကျယ်ဝန်းသည်။ အဖြူရောင်သုတ်ထားသည့် ဘုရားရှိခိုးကျောင်းက အတွင်းဘက်ခပ်ဝေးဝေးဆီမှာ။

တစ်ဘက်တွင် အဖြူရောင်မျှော်စင်ကြီးရှိသည်။ မျှော်စင်၏ထိပ်တွင် ခေါင်းလောင်းကြီးတစ်ခုချိတ်ဆွဲထားသည်။ ခေါင်းလောင်းပေါ်တွင် ခေါင်မိုးတစ်ခုသာရှိသည်။ လေးဘက်လေးတန်တွင် အကာအရံဘာမျှမရှိ။ အမြင့်ဆိုမော့ကြည့်ရုံနှင့်ပင် ကြက်သီးဖြန်းဖြန်းထချင်စရာကောင်းနေသည်။

သူတို့နှစ်ယောက် ကျောင်းဝင်းအတွင်းဝင်လာခဲ့သည်။

"မိုးမိုးရှိတုန်းကထက် အများကြီးပြောင်းလဲသွားသည်။ အထူးသဖြင့်တော့ သစ်ပင်ပန်းပင်တွေနဲ့ ဆေးရောင်ခြယ်သမှုတွေပေါ့၊ စစ္စတာထရီဆာကိုလည်း အမှတ်ရမိသေးတယ်၊ သူ ... မိုးမိုးကို ငယ်ငယ်က စာသင်ပေးဖူးတယ်"

သူကနေ့ မိုးမိုးအမူအရာတွေနှင့် အသံတွေတစ်မျိုးဖြစ်နေသည်ဟု ထင်သည်၊ မျှော်စင်နှင့်မလှမ်းမကမ်းတွင် သူတို့ရပ်လိုက်ကြကာ မျက်နှာချင်းဆိုင်လျက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်၏။

"မောင်ရယ် ... ဘာတွေပဲဖြစ်နေဖြစ်နေ၊ မိုးမိုးပြောတာတစ်ခုကိုတော့ယုံပါနော်၊ မိုးမိုးမရှိတော့တဲ့တစ်နေ့ကျရင် မောင့်ကို မိုးမိုးသိပ်ချစ်ခဲ့ပါလားဆိုတာ သိလိမ့်မယ်၊ အို ... မောင့်ကိုသိပ်ချစ်တယ်၊ အရမ်းချစ်တယ်"

သူမ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"မင်းဘာတွေပြောနေတာလဲ မိုးမိုးရယ်၊ စိတ်အေးအေးထားစမ်းပါ"

"မိုးမိုးလေ ဝိညာဉ်ဘဝရောက်ရင်တောင် မောင့်ဘေးနားက ဘယ်တော့မှမခွာဘူး ... သိလား"





"ကြည့် ... ပေါက်ကရတွေ ပြောနေပြန်ပြီ"

သူမအကြာကြီး ငြိမ်သက်လို့နေသည်။ ယင်းနောက် ... သူ့ပါးပြင်နှစ်ဖက်ကို အငမ်းမရနမ်းသည်။ မျက်ရည်တွေက သူ့ပါးပြင်ပေါ် စိုစိုရွှဲရွှဲ။ သူမဘာတွေဖြစ်နေပါလိမ့်။ အားရအောင်နမ်းပြီးသောအခါ သူ့ကိုယ်မှခွာလိုက်၏။ မျက်ရည်တွေကို သုတ်ပစ်သည်။ ယင်းနောက် ... မျှော်စင်ဆီသို့ အပြေးလေး ထွက်သွားလေသည်။

"ဟေး ... မိုးမိုး ဘယ်လဲ"

ရုတ်တရက်မို့ သူငေးကြောင်ကာ ရပ်နေမိသည်။ တုန်လှုပ်ချောက်ချားနေသော မိုးမိုး ဘုရားကျောင်းဝင်း တံခါးဆီအပြေးသွား၏။ တံခါးဖွင့်ဝင်သည် သူဘာလုပ်ရမှန်းမသိတော့။ သတိရသွားတော့မှ မိုးမိုးဝင်သွားသော တံခါးပေါက်အတိုင်း လိုက်ဝင်သည်။

ဘုရားရှိခိုးခန်းမထဲတွင် မီးများထိန်လင်းနေသော်လည်း လူအရိပ်ယောင်ပင် မတွေ့ရ။ ခြေသံကြား၍လှည့်ကြည့်သည်။ လှေကားပေါ်သို့ ပြေးတက်သွားသော မိုးမိုးကို ရိပ်ခနဲမြင်မိ၏။

"မိုးမိုး ... မိုးမိုး ... မသွားနဲ့"

သူ လှေကားနားသို့သွားကာ ပြေးတက်သည်။ သူ့ရှေ့ရောက်နေသော မိုးမိုးကိုမမီ။ သူမပုံစံက အပေါ်သို့ရောက်ရန် သွေးရူးသွေးတန်းဖြစ်နေဟန်။ မိုးမိုးနောက်သို့လိုက်ရင်း သူမောလာသည်။

သစ်သားလှေကားထစ်ကြီးပေါ်တွင် ရပ်၍ ဘေးတန်းကိုတုန်တုန်ယင်ယင်ကိုင်ကာတက်ရင်း သူအမြင့်သို့ အတော်ရောက်လာခဲ့သည်။

"မိုးမိုး ... ဆင်းခဲ့"

သတိရသွား၍ အောက်သို့ငုံ့ကြည့်လိုက်မှ သူ့ခေါင်းတွေ ချာချာလည်သွားသည်။ သူမှာအမြင့်သို့ မတက်ဝံ့သူ။ အမြင့်ကိုကြောက်သူ၊ လှေကား



www.burmeseclassic.com

အောက်ခြေမှ မြင်ကွင်းတွေသည် သူ့ဆီသို့ ပြေးဝင်လာလိုက် ပြန်ထွက်သွားလိုက်နှင့်ဖြစ်နေသည်။ ချွေးသီးချွေးပေါက်များ ယိုစီးကျလာသည်။

''မိုးမိုး ... ဆင်းခဲ့တော့၊ ဆင်းခဲ့ပါ''

သူအော်ဟစ်ခေါ်သော်လည်း မိုးမိုးက လုံးဝပြန်လှည့်မကြည့်။ မူးဝေလာသောကြောင့် သူရှေ့ဆက်မလိုက်နိုင်။ လှေကားထိပ်ရောက်တော့ သူမကအဖုံးတံခါးကို ပိတ်ချလိုက်သည်။ သူအပေါ်ထိပ်ရှိ မြင်ကွင်းကို မမြင်နိုင်တော့။

''အား''

အော်သံတစ်ချက်ကြားသဖြင့် သူအပြင်ဘက်သို့လှမ်းကြည့်သည်။

''ဘုရား ... ဘုရား''

မိုးမိုး ခေါင်းစိုက်ဖောက်ထိုးကျသွားခြင်းဖြစ်၏။

''ဟုန်း ... ''

သူအောက်ဘက်သို့ ငုံ့ကြည့်မိတော့ သံမံတလင်းပေါ်တွင် သူမ ခွေခွေလေးလဲလျောင်းနေလေပြီ။ သူ့ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ချွေးစီးများကြောင့် မျက်လုံးပင်မဖွင့်နိုင်။ မူးဝေလာသောကြောင့် လှေကားကို မြဲမြဲ ဆုပ်ကိုင်ထားရသည်။

ယင်းနောက် ...

လေးကန်သော ခြေလှမ်းအစုံဖြင့် လှေကားအတိုင်း အောက်ဘက်သို့ ဒယိမ်းဒယိုင်ဆင်းလာရသည်။

ဘုရားကျောင်းဝင်းအတွင်းရှိ လူတချို့ တဖြည်းဖြည်းစုပြုံရောက်ရှိလာကြသည်။ စစ္စတာများလည်း သူမရှိရာ အပြေးအလွှားသွားကုန်ကြ၏။

သူလှေကားအောက်ဆုံးအရောက်တွင် တဝေါဝေါလိုအန်သည်။ သူ ကိုယ်သူလည်း မဟန့်နိုင်တော့။ သို့သော် အားတင်းကာ အပြင်သို့ ကြိုးစား





ထွက်ခဲ့၏။ မိုးမိုးကိုလှမ်းမြင်နေရပြီ။ သွေးတွေက အိုင်ထွန်းနေသည်။ ဘယ်လို မှမြင်ရက်စရာမရှိ။

''အသက်မရှိတော့ဘူး''

တစ်စုံတစ်ယောက်ပြောသော စကားအသံက သူ့နားထဲဝင်လာသည်။ သူ့ခေါင်းတွေ ချာချာလည်သွားသည်။ နားပေါက်မှလေတွေ ထွက်လာသည်။ နှလုံးခုန်သံတွေပင် ရပ်သွားမတတ်။ ထိုအချိန်တွင် စိတ်ကိုလျှော့ချလိုက်လို့လား မသိ၊ သူ့ခန္ဓာကိုယ်တစ်ခုလုံး ပြို့လဲကျကာ နေရာတွင်ပင် သတိလစ်မေ့မြော သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အမှောင်လမ်း

မိုးမိုးကသာ ကွယ်လွန်သွားသော်လည်း သူမအမှုက မပြီးပြတ်နိုင်။ ရဲကတရားလိုလုပ်၍ သေမှုသေခင်းဖွင့်၍ စုံစမ်းသည်။ တရားရုံးတွင် ရှေ့နေ ရှေ့ရပ်များနှင့်အတူ သူမအမှုကို ကြားနာသည်။

အဓိကပြဿနာမှာ မိုးမိုး သူမကိုယ်သူမ သေကြောင်းကြံစည်သွား ခြင်းဟုတ်မဟုတ်နှင့် သည်လိုဖြစ်သွားရခြင်းမှာ မည်သူ့တွင် တာဝန်ရှိသလဲ ဆိုတာကို ဆန်းစစ်ရသည်။ ကြည်ဇော်ဦး၏နောက်ကြောင်းရာဇဝင်၊ မိုးမိုး၏ စိတ်အခြေအနေတွေကို စီစစ်သည်။ ပြသခဲ့ဖူးသော ဆရာဝန်တစ်ဦးက သူ့တွင် အမြင့်ကြောက်ရောဂါရှိကြောင်း ထွက်ဆိုသွားသည်။

မိုးမိုး၏ လှုပ်ရှားမှုအားလုံးကိုတော့ ကြည်ဇော်ဦး မြင်တွေ့သမျှနှင့် သက်သေခံအထောက်အထားတင်သည်။ နီမောင်ကလည်း သူ့ဇနီးဟောင်းတွင် စိတ်ရောဂါရှိကြောင်း ထွက်ဆိုသွား၏။ အိမ်ဖော်တွေကိုစစ်သည်။ ထိုသို့အချက် အလက်များကို သေသေချာချာစစ်ဆေးပြီးသည့်နောက် အမိန့်ချခဲ့သည်။ မိုးမိုး သေရခြင်းအကြောင်းအရင်းမှာ သူမကိုယ်သူမ သေကြောင်းကြံစည်ခဲ့သော ကြောင့်သာဖြစ်သည်ဟူ၍ပင်။





ယင်းအမှု ကြားနာနေစဉ်တစ်လျှောက် တစ်နည်းပူဆွေးလျက် ငေးငိုင်နေသူမှာ ကြည်ဇော်ဦးပင်ဖြစ်သည်။ တရားသူကြီးက သူ့တွင်အပြစ်စိုးစဉ်းမျှ ရှိပါဘူးဆိုသော်လည်း သူဘယ်လိုမှနေလို့မရ။ တွေတွေဝေဝေကြီးသာ ဖြစ်နေသည်။

သူငယ်ချင်းနီမောင်ကတော့ သူ့ကိုကျေးဇူးတင်စကားဆိုသည်။

သူကူညီပေးခဲ့ပေမယ့်လည်း မအောင်မမြင်ဖြစ်ခဲ့ရခြင်းအပေါ် စိတ်ထဲ ထားပါနှင့်။ သူလည်း မိုးမိုးမရှိတော့တာမို့ သည်အရပ်သည်ဒေသတွင် ဘာမျှ တွယ်တာစရာမရှိ၊ ကုမ္ပဏီမှ အလုပ်ထွက်ကာ တခြားတစ်နေရာတွင် လုပ်ကိုင် စားသောက်တော့မည်ဟုဆို၏။ ကြေကွဲနေသော သူ့အား အားနာ၍မဆုံးနိုင်ဘဲ ကျေးဇူးစကားသာ အထပ်ထပ်ဆိုရင်း နှုတ်ဆက်သွားလေတော့၏။

သူလိပ်ပြာမလုံ ဖြစ်ခဲ့ရသည်။

သူ့တွင်လည်း အပြစ်ရှိသည်ဟု ခံစားနေရသည်။

တကယ်ဆိုလျှင် သူ မိုးမိုးကို ချစ်ခဲ့မိဖို့ မကောင်းပါ။ စိတ်ကိုအလို လိုက်ခဲ့ဖို့မကောင်းပါ။ ခုတော့ ဝေဒနာများစွာနှင့် ကျန်ရစ်ခဲ့ရ၏။

သူဆက်လျှောက်ရမည့် ဘဝလမ်းကို မှန်းဆကြည့်သည်။

ရှေ့တွင်တော့ မှောင်နှင့်မည်းမည်းသာ။



www.burmeseclassic.com

www.burmeseclassic.com

## စကားပြောသောပန်းချီကား

မိုးမိုးကွယ်လွန်ပြီးသည့်နောက် ကြည်ဖော်ဦး ညတိုင်းလိုလို အိပ်မက်ဆိုးတွေမက်သည်။ အိပ်မက်တွေက ဗရုန်းဗရင်းနိုင်လှသည်။ အိပ်မက်ထဲတွင် လူသားစားခွေးဘီလူးတွေတွေ့ရသည်။ မျက်လုံးအထုတ်ခံထားရသည့် ရဲ့သား တွေတွေ့ရသည်။ အမွှေးအမျှင်ထူထပ်စွာပေါက်ရောက်နေသည့် ဘီလူးတွေ လည်းပါသည်။ ရွာရိုးကိုးပေါက်လွင့်မျော်ကာ ကျက်စားနေသော တစ္ဆေတွေ သရဲတွေလည်းတွေ့ရသည်။

အိပ်မက်တွေက အဆက်အစပ်မရှိ။ ဟိုရောက်လိုက်။ သည်ရောက်လိုက်။

မိုးမိုးကိုတစ်ခါတစ်ရံမှမက်သည်။ မက်ပြန်တော့လည်း ပန်းချီကားထဲ ရှေးခေတ်အဝတ်အစားများနှင့်ဖြစ်သည်။ ပုံထဲကလိုပင် ထိုင်နေသည်။ သို့သော် ခေါင်းတွင်သွေးအလူးလူးနှင့်မျက်နှာတစ်ခုလုံး ယောင်ကိုင်းနေသည်။ ကြည့်ရတာ မလှမပ။ မျက်လုံးတွေက●သေနေပြီး မျက်တောင်လုံးမဝခတ်ခြင်းမရှိ။ လည်ပင်းမှ ပတ္တမြားလည်ဆွဲကတော့လက်နေသည်။

ရဲရင့်အောင်စာပေ



လက်ထဲတွင်ကိုင်ထားသော နှင်းဆီပန်းတွေက ပွင့်ဖတ်အလိုက်ကြွေကြကုန်သည်။ အသားအရေတွေက ရှင်စဉ်တုန်းကလိုဝင်းပမနေ။ ညိုညိုညစ်ညစ်နှင့်အိတွဲကျနေသည်။ အရေပြားပေါ်တွင် မီးလောင်ဖုတွေလိုလို အနာတွေလိုလို။

ဘယ်တော့မှသူ့ကိုစကားမပြော။ သူ့ကိုလည်းသေသေချာချာမကြည့်။ တစ်ဘက်သို့မျက်နှာလွှဲနေတတ်သည်။ နောက် ‗ တစ်နေရာသို့ သူထွက်သွားတတ်သည်။ သူနောက်လိုက်ကြည့်ပြန်တော့လည်း အဆောက်အဦပျက်ကြီးထဲသွားနေတာတွေ့သည်။

ထိုအဆောက်အဦမှာ အင်္ဂလိပ်လက်ထက်ဗိုလ်တဲကြီးလိုလို ဘာလိုလို။ ယိုယွင်းပျက်စီးနေသည်ကတော့ ပစ်စလတ်ခတ်ပင်။ အထဲတွင်လည်း လင်းနို့တွေ နှင့်ကြွက်တွေက သောင်းကျန်းချင်သလိုသောင်းကျန်းနေကြသည်။

အခန်းတစ်ခုထဲတွင် အဖုံးပွင့်နေသော ကျောက်ခေါင်းတလားကြီးကို ဘွားခနဲတွေ့လိုက်ရ၏။ သူမ မကြာမကြာပြောနေသည့်ကျောက်ဖြူခေါင်းတလားကြီး။ သူမက ထိုခေါင်းတလားကြီးထဲ အေးအေးဆေးဆေး ဝင်သွားသည်။ လဲလျောင်းလိုက်သည်နှင့်အဖုံးက ဒုန်းခနဲမြည်ကာစေ့ပိတ်သွား၏။

မင်္ဂလာမရှိလိုက်တာ။ မက်ချင်းမက်လှလှပပလေးတွေ မက်ပါလား။ ဝင်လယ်ကမ်းခြေလိုနေရာမျိုးတွေမှာ မက်ပါလား။ အိပ်မက်ထဲမှာတော့ သူအမြင့်ကိုကြောက်ချင်မှကြောက်ပေလိမ့်မည်။

တစ်စနှင့်တစ်စအိပ်မပျော်သည့် ရက်တွေများလာ။ အိပ်ဆေးသောက်၍ အိပ်ပြန်တော့လည်း အိပ်မက်တွေကချောက်ချားချား။ အိပ်မက်မှနိုးလာတိုင်းလည်း တစ်ကိုယ်လုံးကြက်သီးဖြန်းဖြန်းထကာ ဆောက်တည်ရာမရချင်။

အစားပျက် အအိပ်ပျက်ဒဏ်ကြောင့် သူခန္ဓာကိုယ်ပိန်ချုံးလာသည်။ ပန်းချီဆရာမလေး မေသက်က သူ့သတင်းကြားတော့ သူ့အိမ်သို့မကြာခဏ ရောက်လာတတ်သည်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ကိုကြည်ဇော် ဒီအတိုင်းနေလို့မဖြစ်တော့ဘူးထင်တယ်”

“မေသက်ဆိုလိုတာက”

“စိတ်ကြောင့်ဖြစ်ရတာဆိုတော့ စိတ်ရောဂါကုဆရာဝန်နဲ့ပြသင့်တယ်”

“ကျွန်တော့်ကိုရူးနေတယ်လို့ထင်လို့လား”

“အို ... ဒီလိုသဘောပြောတာမဟုတ်ပါဘူးကိုကြည်ဇော်ရယ်၊ အချင်းချင်းတွေမို့အကောင်းဆုံးအကြံပေးကြည့်တာပါ၊ ကျန်းမာရေးက အရေးကြီးတယ်လေ၊ အခုတလော ကိုကြည်ဇော်အရက်တွေ တော်တော်သောက်လာတယ်ကြားတယ်”

“ဖြစ်နေတာတွေ ယာယီမေ့ထားချင်လို့ပါ”

“အမူးပြေတော့ မိုးမိုးကိုပြန်သတိရတာပဲ မဟုတ်လား”

“မှန်ရာကိုဝန်ခံရရင် ကျွန်တော်မိုးမိုးကို အလွန်အကျွံချစ်ခဲ့ပါတယ်၊ သူမရှိတော့ ကျွန်တော့်ဘဝသေသွားသလိုပါပဲ၊ အဓိပ္ပါယ်လည်း ဘာမှမရှိတော့ဘူး”

“သေသောသူကြာရင်မေ့တဲ့”

“ကျွန်တော်ကတော့ ဘယ်တော့မှမေ့မှာမဟုတ်ပါဘူး”

“ဒါဟာ ကိုယ့်ဒုက္ခကိုယ်ရှာတာနဲ့အတူတူပဲ”

“တရားမသိလို့မဟုတ်ပါဘူး မေသက်ရယ်၊ အစွဲအလမ်းကြီးခဲ့လို့ပါ”

နောက်ဆုံးတော့ မေသက်လက်လျှော့လိုက်ရသည်။ သည်အကြောင်းမပြောဘဲ တခြားအကြောင်းပြောတော့လည်း စိတ်ပါပုံမရ၊ ငေးတိငေးငိုင်နှင့်သာ အချိန်ကုန်သွားသည်။

တစ်ရက် ...

သူ မေသက်အိမ်သို့ မရည်ရွယ်ဘဲ ရောက်သွားဖြစ်သည်။ ဘာအကြောင်းမှလည်းမရှိ။ တစ်အိမ်လုံးတိတ်ဆိတ်နေသည်။

“ဘယ်သွားနေကြပါလိမ့်”

ဝင်နေကျထွက်နေကျအိမ်မို့ ရဲရဲပြုပြုပင်ဝင်လာခဲ့သည်။ လူသူအရိပ်အယောင်မမြင်ရ။ ပန်းချီဆွဲခန်းထဲတွင် ဆွဲလက်စပန်းချီကား တစ်ချပ်ကိုတွေ့သည်။

“ဟင်”

သူအလွန်အမင်းအံ့သြသွားသည်။ မေသက်ဆွဲနေသောပုံမှာ ပန်းချီခန်းမှ ကြာဖြူသွယ်နှင့်တစ်ထေရာတည်းတူသောပုံဖြစ်နေခြင်းပင်။ အားလုံးပြီးပြည့်စုံသလောက်ဖြစ်နေပြီ။ ဘယ်လိုမှခွဲမရအောင်တူနေခြင်းကြောင့် မေသက်၏ အာရုံခံစားမှုစွမ်းရည်ကို မချီကျူးဘဲမနေနိုင်။

သူ ပန်းချီကားထဲမှအမျိုးသမီးကို တစိမ့်စိမ့်ကြည့်နေမိ၏။ မျက်လုံးတွေက တစ်မူထူးခြားသည်ဟုထင်မိသည်။ ကြည့်နေရင်း ကြည့်နေရင်း မိုးမိုးနှင့် တူလာသည်ဟုမြင်မိလိုက်၏။

ထိုအခါ ... သူ့ကြက်သီးတွေတဖြန်းဖြန်းထလာရသည်။ ယင်းထက်ပိုကာ အံ့သြစရာကောင်းသည်က ပန်းချီကားထဲမှအရုပ်သည် အသက်ဝင်လှုပ်လှုပ်လာခြင်းပင်။

ကြည်ဇော်ဦး ခေါင်းနပန်းတွေကြီးသွားသည်။

“မောင် ... မိုးမိုးကို မမေ့နိုင်သေးဘူးနော်”

မိုးမိုးအသံမှ မိုးမိုးအသံအစစ်။ သူနားကြားလွဲခြင်းတော့မဖြစ်နိုင်ပါ။

“မင်း ... မင်း ... မင်း”

သူ အသားတွေတဆတ်ဆတ်တုန်ယင်နေသည်။ ပုံတူရေးထားသောအရုပ်မှအသက်ဝင်လှုပ်ရှားလာရခြင်းမှာလည်း ဘယ်လောက်များဆန်းကြယ်လိုက်ပါသလဲ။







www.burmeseclassic.com

www.burmeseclassic.com



''ကြည့်စမ်းပါဦးကွယ် ... မောင်ဟာလေ မိုးမိုးကိုမယုံကြည်နိုင်တဲ့ အကြည့်တွေနဲ့ ကြည့်နေလိုက်တာများကွယ်၊ တကယ့်ကိုရယ်စရာပဲ''

မိုးမိုးက သူ့ကိုမနှိုတရှိုလေးကြည့်လျက် ရယ်ရွှန်းဖတ်ရွှန်းလေးစကား ဆိုသည်။

''မိုးမိုး ... မင်း မောင့်ဆီပြန်လာတာလားဟင်''

''ပြန်လာလို့တော့ ဘယ်ရပ့ါမလဲ မောင်ရယ်၊ မောင့်ကိုစိတ်မချလို့ ခဏတစ်ဖြုတ်လာကြည့်တာလေ၊ မောင်ဘယ်လိုခံစားနေရမယ်ဆိုတာ သိချင်လို့''

''မောင် ရူးမတတ်ဖြစ်နေတယ်ဆိုတာရော မင်းသိရဲ့လား''

''ဒီလောက်လည်း အစွဲအလမ်းမကြီးစမ်းပါနဲ့ မောင်ရယ်''

''မိုးမိုး ... မင်းမောင့်ဆီပြန်လာခဲ့ပါ ပြန်လာခဲ့ပါကွယ်''

''မောင် ... စိတ်ကိုထိန်းပါဦးကွယ်''

သူ ပန်းချီကားဆီသို့ တရွေ့ရွေ့လှမ်းလာခဲ့သည်။

''မင်း ဘာကြောင့်အခုလိုလုပ်သွားခဲ့တာလဲ၊ မင်း အရမ်းရက်စက်တယ် သိပ်ရက်စက်တယ်''

သူက ရုပ်ပုံထဲက ပခုံးကိုလှမ်းကိုင်လိုက်သည်။ ပန်းချီကားမှာလွှမ်းဆိုက်၍ အောက်သို့ပြုတ်ကျသွားလေ၏။

သူ့အပြစ်အပျက်များကို နောက်ဆီမှတိတ်တိတ်လေး အကဲခတ်နေသူမှာ မေသက်။ ပန်းချီကားပိုင်ရှင်တစ်ဦးအတွက် မိမိရေးဆွဲခြင်းအပေါ် တန်ဖိုးထားကြစမြဲပင်။ သို့သော် ကြည်ဇော်ဦး၏ အပြုအမူများကြောင့် မှင်တတ်မိကာ သတိလက်လွတ်ငေးစိုက်ကြည့် နေမိခြင်းသာဖြစ်၏။

''ကိုကြည်ဇော်''

မေသက်ခေါ်သံကြောင့် သူ ကပျာကယာနောက်သို့လှည့်ကြည့်၏။





''မေသက်''

သူမှာ ပန်းချီကားကိုပြန်ကြည့်လိုက် မေသက်ကိုပြန်ကြည့်လိုက်နှင့် တရားခံတစ်ယောက်လိုဖြစ်နေ၏။ သူကိုယ်သူဘာတွေလုပ်ခဲ့မိမှန်းသည်း သိ

မရ။

''ကိုကြည်ဇော် ကော်ဖီပူပူလေးသောက်လိုက်ဦး ... ကျွန်မသွားဖျော်

လိုက်ဦးမယ်''

သူမ ဘာမှပြောဆိုခြင်းမရှိဘဲ အခန်းထဲပြန်ဝင်သွားသည်။ သူမှာသာ ကမန်းကတန်းပန်းချီကားကို ပြန်ကောက်လျက် နေသားတကျပြန်ထားလိုက် ၏။

''စောစောက ငါ့စိတ်ထဲမှာထင်ယောင်ထင်မှားဖြစ်နေတာလား''

သူကြာကြာပင်ဆက်မတွေးနိုင်။ မေသက်ကိုလည်း မျက်နှာချင်းမဆိုင်ချင်သဖြင့် အိမ်ထဲမှခပ်သုတ်သုတ်ထွက်လာခဲ့၏။

စိတ်ကိုစုစည်းခြင်း၊ တည်ငြိမ်လေးနက်မှုရယူခြင်းတို့မှာ အလွန်ပင်ခက်ခဲလှပါ၏။ စိတ်နှင့်ကိုယ်တစ်သားတည်းဖြစ်နေအောင် သတိနှင့် ထိန်းချုပ်နိုင်ဖို့ပင်မလွယ်လှ။ လူ့အစားစာထဲမှာပင် စိတ်နှင့်ကိုယ်မပြနိုင်၍ လွတ်ထွက်သွားကြသူများလည်း ရှိခဲ့ကြဖူးသည်ကိုမြင်ဖူးကြုံဖူးကြပါလိမ့်မည်။

ဤသည်ကိုစိတ်ဖောက်ပြန်သည်ဟုခေါ်ကြသည်။

စိတ်ဖောက်ပြန်သူတို့တွင်လည်း အမြဲတမ်းစိတ်ဖောက်ပြန်နေတတ်သည်မဟုတ်။ တစ်ခါတစ်ရံတွင်လည်း မှုမှန်စိတ်လေးများ ဝင်တတ်ပါသေးသည်။

သည်လိုနှင့် ...

မကြာမီ တစ်ရက်တွင် ကြည်ဇော်ဦးအား စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်ရပါ၏။ သူ့ကို အနားမှာ တစ်ချိန်လုံးပြုစုသူမှာ မေသက်ပင်ဖြစ်၏



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ ရောက်သည့်အချိန်မှစကာ သူစကားတစ်လုံးမှမဆိုတော့ပါ။ မလှုပ်မယှက်သာ ထိုင်နေတော့၏။

မေသက်ဆေးရုံသို့မကြာခဏရောက်၏။ ကတ်ဆက်အသေးစားလေးတစ်လုံးယူသွားကာ မိုးဇက်၊ ဗီသိုဗင်တို့၏ တီးလုံးများ(သို့မဟုတ်) စန္ဒယားလက်သံများကို ခပ်တိုးတိုးလေးဖွင့်ပေးသည်။ သူစိတ်ပြန်လည်လိုပြန်လည်ငြား။

သို့သော် သူ့ထံမှဘာသံမှထွက်မလာပါ။ ထို့ကြောင့် မေသက်ဆရာဝန်ကြီးထံမေးရတော့သည်။

"သူဘယ်တော့ စကားပြန်ပြောမှာလဲဆရာ"

"အတတ်ပြောဖို့ရာတော့ ခက်တယ်သမီးရဲ့ ... သူခံစားနေရတဲ့ ဝေဒနာဟာ သူ့ကိုယ်သူအပြစ်ရှိတယ်လို့ ခံစားနေရာကဖြစ်လာတဲ့melancholia ရောဂါပဲ၊ ပြင်းထန်မှုင်တွေရောဂါပေါ့ကွယ်၊ သူ့စိတ်ထဲဘာရှိနေမလဲ ဆိုတာ မှန်းဆဖို့ခက်တယ်"

"ကျွန်မသိတယ်ဆရာ _ ဆုံးသွားတဲ့ မိုးမိုးကိုသူတန်းတန်းစွဲချစ်ခဲ့တာ၊ ပိုဆိုးတာက ခုချိန်ထိ အဲဒီကောင်မလေးကိုချစ်နေတုန်းဆိုတာပဲ"

သို့ဖြင့် မကြာသော ကာလတစ်ခုတွင် ...

အချိန်ကစားပေးသဖြင့် သူဆေးရုံမှဆင်းလာရသည်။ သည်တော့လည်း သူ့စိတ်က စေစားရာသူနှင့်မိုးမိုးသွားရာနေရာတွေဆီကိုပဲ ခြေဦးတည်တော့၏။

မိုးမိုးသူ့ကိုခေါ်သွားရာတောအုပ်လေးသို့သွားခဲ့၏။ တောအုပ်အစပ်တွင် ရပ်နေသော မိန်းကလေးတစ်ယောက်ကို မိုးမိုးအထင်နှင့်အပြေးအလွှားသွားခဲ့သည်။ အနားရောက်မှ မိုးမိုးမဟုတ်မှန်းသိကာ အသာပြန်လှည့်ခဲ့ရသည်။

နောက် _ ချောင်းသာ၊ နောက် အတူတူစားခဲ့ဖူးသောစားသောက်ဆိုင်၊ သူ _ ပန်းချီပြခန်းသွားဖို့တော့ ဘယ်တော့မှမမေ့ခဲ့ပါ။ သူသွားလေရာတိုင်းတွင် မိုးမိုးကိုသာ မြင်ယောင်နေမိသည်။





မိုးမိုးမှတကယ်မရှိတော့တာပဲ။

သည်ကမ္ဘာပေါ်တွင် မိုးမိုးမရှိတော့ပါဘူးဟု စိတ်တုံးတုံးချပိုင်းဖြတ်ရတော့မည့် အခြေအနေသို့ရောက်ခါနီးမှ မိုးမိုးပြန်ပေါ်လာသည်မှာ ဒဏ္ဍာရီဆန်လွန်းလှလေသည်။

ဟုတ်သည် ... ။

တကယ်ပင် မိုးမိုးပြန်ပေါ်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယမျက်နှာအလွှာနှင့် မိန်းကလေး

ကြည်ဇော်ဦး လမ်းသာလျှောက်နေရသော်လည်း သူ့ခြေထောက်တွေက လေးတိလေးကန်။ လမ်းတစ်လျှောက်မြင်မြင်ရာကိုငေးမောလို့လာခဲ့သည်။ သူ လျှောက်နေသည်က လမ်းမကျယ်ကြီးတစ်ခု။

သည်လမ်းက လူတွေစုံသည်။

ကား အသွားအလာတွေများသည်။

လမ်းတစ်ဘက်တစ်ချက်တွင် ကဖေးဆိုင်၊ စားသောက်ဆိုင်၊ ဘီယာဆိုင် စတိုးဆိုင်၊ အဝတ်အထည်ဆိုင်၊ အလှကုန်ပစ္စည်းများရောင်းသောဆိုင်တော်တော်များသည်။

သူ့ကျွင်းဘောင်းဘီက ခပ်နွမ်းနွမ်း။ အပေါ်တီရှပ်အဖြူမှာလည်း မလဲသည်မှာ သုံးရက်ရှိသွားပြီ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေကလည်း မရိတ်မသင်။ ရဲလေးက သူ့အားအတင်းအကြပ်သန့်ရှင်းရေးလုပ်နိုင်းသော်လည်း သူလက်မခံခဲ့ပါ။

သည်ကနေ့ ကားပင်မယူ။ စိတ်လွတ်ကိုယ်လွတ်လျှောက်လာခဲ့၏။ ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ သူ့ခြေထောက်တွေအလိုလိုရပ်တန့်သွားသည်။





အလှပန်းမျိုးစုံရောင်းသော ပန်းဆိုင်တစ်ဆိုင်။

မှန်တွေကာရံထားသည့် အတွင်းပိုင်းတွင် အရောင်အသွေးမျိုးစုံသော အမျိုးအမည်လှသော ပန်းတွေကိုပြထားသည်။ သူ့မျက်လုံးတွေတန်းခနဲရောက်သွားသည့်နေရာက ...

အဝါရောင်နှင်းဆီပန်းတွေဆီ ...

ပန်းချိုကားထဲတွင်ကောင်မလေးကိုင်ထားသော ပန်းတွေနှင့်တစ်ထေရာတည်း။ ထို့ကြောင့် အတိတ်ကိုပြန်လည်လွမ်းဆွတ်ရပြန်၏။

ပန်းစည်းလေးထဲတွင်အာရုံဝင်စားနေသော သူ့အား ဆူဆူညံညံအသံဗလံတချို့ အနှောင့်အယှက်ပေးလိုက်သည်။ လမ်းမထက်ဆီမှ တစ်ယောက်တစ်ပေါက် စကားနိုင်လုပြောဆိုနေကြသော မိန်းကလေးတစ်သိုက်။ ညနေဘက်အလုပ်သိမ်းချိန်တွင် ပြန်လာကြသော အမျိုးသမီးလေးများဖြစ်ဟန်တူပါ၏။

သူ အမှတ်မထင်လှည့်ကြည့်ဖြစ်သည်။

"ဟင် ... ဘုရားရေ ... "

သူတို့ထဲမှတစ်ယောက်မှာ မိုးမိုးနှင့်မျက်နှာချွတ်စွပ်တူနေပါလား။ မတူသည်က ဆံပင်နှင့်ဝတ်ပုံစားပုံသာဖြစ်သည်။ ပြောဟန်ဆိုဟန်ကတော့ ကောင်မလေးက ခပ်သွက်သွက်နှင့်ပေါ့ပေါ့ပါးပါး။ ကျန်မိန်းကလေးများနှင့် စကားဖောင်ဖွဲ့နေသောကြောင့် ကြည်ဇော်ဦးကို သူကမမြင်။

ကောင်မလေးတွေ သူ့အနားမှဖြတ်လျှောက်သွားသည်။ သူ့ခြေလှမ်းတွေက သူမတို့နောက်မသိမသာလိုက်ပါသွား၏။

"ဘာကြောင့်ဒီလောက်တောင်တူနေရတာလဲ"

သူတွေးရင်းတွေးရင်း ရင်ခုန်လာသည်။ သူ၏နောက်ကျိုနေသောစိတ်တွေလည်း ခဏအား ပွင့်းမှာပင်ကြည်လင်လာသလို ခံစားလာရ၏။ အိမ်ရာတစ်ခုရှေ့အရောက်တွင် ထိုကောင်မလေး အဖော်များနှင့် လမ်းခွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော — တိုက်ပေါ်တက်သွားပြီ"

အပေါ်ထပ်အခန်းတစ်ခန်းမှ ပြတင်းပေါက်ဖွင့်သည်အထိ သူစောင့်ကြည့်နေမိ၏။

"သုံးလွှာမြောက်လက်ဝဲဘက်အခန်း"

သူထိုအခန်းဆီသို့တက်လာခဲ့သည်။

"ဒေါက်ဒေါက် — ဒေါက်ဒေါက် — ဒေါက်ဒေါက်"

အခန်းအတွင်းမှအသံမကြားရ။ တိတ်ဆိတ်မြဲတိတ်ဆိတ်နေသည်။ တံခါးကို ဘာကြောင့်ခေါက်မိမှန်းလည်း သူကိုယ်သူမသိ။ သို့တစေ —

"ဒေါက်ဒေါက် — ဒေါက်ဒေါက် — ဒေါက်ဒေါက်"

ခဏအကြာတံခါးပွင့်လာသည်။ ဟုတ်သည်။ မိုးမိုးနှင့်တစ်ထေရာတည်းတူသောကောင်မလေး။ သူ့ကိုတွေ့တော့ အတန်ငယ်လန့်သွားသလိုဖြစ်ပြီး–

"ဘာကိစ္စလဲ"

သူမျက်နှာတွင်အရောင်မျိုးစုံဖြတ်သန်းသွားသည်။ အဓိပ္ပါယ်ကိုတော့ သူမဖော်တတ်။ ရိုင်းသည်ဟုပင် ဆိုချင်ဆို သူမျက်နှာလေးကိုအငမ်းမရကြည့်နေမိသည်။

"မေးနေတယ်လေ — ဘာကိစ္စရှိလို့လဲဆို"

ထိုအခါမှ သူသတိဝင်လာပြီး —

"ကိုယ်သိတဲ့ မိုးမိုးဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့တူနေလို့၊ အဲဒါ ဟုတ်များဟုတ်နေမလားလို့"

"ဘာလဲ ရှင်ကဇာတ်လမ်းလာဆင်တာလား၊ ဒါမျိုးတွေရိုးနေပြီ၊ အူကြောင်ကြောင်လာလုပ်မနေနဲ့"

သူမက တံခါးကိုဆွဲပိတ်မည်ဟန်ပြုသည်။

"အား — နေပါဦးဗျာ — နေပါဦး။ ခဏလေးပါ တကယ့်ကိုခဏလေးပါ"





သူကတောင်းတောင်းပန်ပန်ဆိုရှာသည်။ သူမ မျက်နှာကသိပ်ပြီးသင်္ကာရှင်းဟန်မရှိ။

"ရှင် — ကျွန်မကိုအနှောင့်အယှက်ပေးနေတာလား"

"မဟုတ်ပါဘူး ကျွန်တော့်ကိုအထဲခဏဝင်ခွင့်ပြုပါ၊ ပြောစရာလေးပြောပြီးရင်ပြန်ပါ့မယ်"

"ဒုက္ခပါပဲ ကျွန်မကတစ်ယောက်တည်းနေတာရှင့်"

"ကျွန်တော်က မိကောင်းဖခင်သားသမီးပါ၊ မင်းအတွက်မှဲ့တစ်ပေါက်မစွန်းစေရပါဘူး၊ ကတိပေးပါတယ်၊ ကျိန်ဆိုကျိန်ပါ့မယ်"

ကောင်မလေးက သူ့ကိုတစ်ချက်ကြည့်သည်။

"ခဏဆိုလည်း ဝင်၊ ရုတ်ရုတ်ရုတ်ရုတ်တော့လုပ်မယ်မကြံနဲ့နော်၊ ကျွန်မအော်လိုက်မှာ"

"စိတ်ချ — စိတ်ချ"

အခန်းတွင်းသို့အရောက် ခုံပေါ်တွင် ခပ်ရိုရိုလေးထိုင်ကာ သူသိသောမိန်းကလေးတစ်ဦးနှင့် တူသလားဟု လာကြည့်ရခြင်းဖြစ်ကြောင်းရှင်းပြသည်။

"အဲဒီအမျိုးသမီး နာမည်က"

"မိုးမိုး"

"ကျွန်မနာမည်က ဂျူးဂျူး နယ်ကနေအလုပ်လာလုပ်တာ၊ ဒီအခန်းက ကျွန်မအခန်းမဟုတ်ဘူး၊ အသိတစ်ယောက်ကပေးနေခိုင်းတာ၊ ဟောဒီမှာ ကျွန်မမှတ်ပုံတင်၊ ဒါကျွန်မတို့မိသားစုဓာတ်ပုံ"

သူကမှတ်ပုံတင်နှင့် ဓာတ်ပုံကိုသေသေချာချာကြည့်သည်။

"မထင်မှတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင်တူလိုက်တာဗျာ"

ဆွေးရိပ်သန်းနေသော သူ့မျက်နှာကိုကြည့်ရင်း ဂျူးဂျူးလေသံများပင် ပျော့ပြောင်းသွားရ၏။

"အဲဒီလောက်ထိတူတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အခု သူရော"

"ဆုံးသွားပြီ"

"အို ... ကျွန်မစိတ်မကောင်းလိုက်တာရှင်"

"ကျွန်တော့်နာမည်က ကြည်ဇော်ဦးပါ၊ ကျွန်တော်အနှောင့်အယှက်ပေးမိသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်၊ ကဲ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ကိစ္စမရှိပါဘူး"

သူအခန်းထဲမှအထွက် ရုတ်တရက်နောက်ပြန်လှည့်ကာ ...

"တစ်ခုတော့တောင်းဆိုပါရစေ"

"ဘာများလဲ"

"ကျွန်တော့်ကို ဂျူးဂျူးရဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အဖြစ်လက်ခံပေးပါ"

သူမ အတန်ငယ်နှုတ်ဆိတ်သွားသည်။

"ကျွန်တော်တောင်းဆိုတာ လွန်သွားလို့လား"

"မဟုတ်ပါဘူး ... ခင်မင်တာပဲ၊ ခင်မင်လို့ရပါတယ်၊ ဂျူးဂျူးဘာမှ ကန့်ကွက်စရာမရှိပါဘူး"

သူဆင်းသွားပြီးသည့်နောက် သူမအခန်းတံခါးပိတ်လိုက်လေ၏။

♐ ❖ ♐



## ဖြစ်မှုကျူးလွန်ခဲ့ကြသူများ

ကြည်ဇော်ဦးအောက်သို့ဆင်းသွားပြီးသည့်နောက် ဂျူးဂျူးတံခါးကိုပိတ်လိုက်ပါသည်။ သူ မထွက်ခင်သူမအပြုံးလေးနှင့်နှုတ်ဆက်ခဲ့နိုင်သော်လည်း တံခါးတစ်ဘက်ရောက်သည်နှင့် သူမမျက်နှာချက်ချင်းဆိုသလို ညှိုးမှိုင်းသွားသည်။ ထော်မတ်ပင် ရပ်နိုင်စွမ်းမရှိတော့ဘဲ ဒူးတွေယိုင်နဲ့လာကာ ခွေခွေလေးထိုင်ချမိတော့၏။

နှလုံးခုန်နှုန်းမြန်လာသလို အသက်ရှူရတာလည်း မဝချင်တော့သလို။

အမှန်တကယ်ပင် ...

ဂျူးဂျူးဆိုသော သူမသည် ကြည်ဇော်ဦးသိခဲ့သောမိုးမိုးဖြစ်နေသောကြောင့်ပင်။

မျှော်စင်ပေါ်မှကျ၍ သေဆုံးသွားသောမိုးမိုးမှာ ဘကယ့်မိုးမိုးအစစ်အမှန်ဖြစ်ပြီး၊ သူမက မိုးမိုးအတု၊ နီမောင် ဖန်ဆင်းပေးခဲ့သော မိုးမိုး၊ ရုပ်ချင်းတူသည်းမှန်သည်။ ထိုအရာကပင် နီမောင့်ကို ကုသိုလ်ကံကောင်းသွားစေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ လွန်ခဲ့သောအတိတ်မှ ပုံရိပ်တချို့သည် သူမခေါင်းထဲသို့စီတန်းဝင်လာပါတော့၏။

တစ်နေ့ ... ။

ထိုတစ်နေ့သည် သူမနီမောင်နှင့် စတွေ့ခဲ့သောနေ့တစ်နေ့ဖြစ်သည်။

“မင်းနောက်ကို ငါလိုက်ကြည့်နေတာတစ်ပတ်ရှိပြီ”

“ဘာရယ်ရှင့်”

“တစ်မျိုးမထင်ပါနဲ့ ငါဟာအိမ်ထောင်သည်ပါ၊ မင်းအပေါ်ပစ်မှားချင်တဲ့စိတ်၊ ယုတ်မာချင်တဲ့စိတ် နည်းနည်းလေးတောင်မရှိပါဘူး။ ခုဟာကအကြောင်းရှိလို့”

“ဘာအကြောင်းလဲ”

“မင်းဟာ ငါ့မိန်းမနဲ့ခွဲမရအောင်တူနေလို့”

နီမောင် ပြောခါစက အဓိပ္ပာယ်မရှိဟု ထင်ခဲ့သော်လည်း ဓာတ်ပုံကိုထုတ်ပြသည့်အခါ အလွန်အမင်းအံ့ဩသွားရ၏။

“ဘုရားရေ _ ဒါတကယ်ပါပဲလား”

“အမြွှာညီအစ်မဆိုယုံကြမှာပဲ”

ထိုစဉ် နီမောင်မှာ သူမနှင့်ရင်းနှီးခွင့်ရအောင်ချဉ်းကပ်ခဲ့သော်လည်း အကျိုးအကြောင်းဘာမှမပြောခဲ့ပါ။ အလုပ်အဆင်မပြေဖြစ်နေသော သူ့အစစအရာရာ အကူအညီပေးခဲ့ရုံသက်သက်ဖြစ်သည်။ တိုက်ခန်းငှားပေးပြီလို အလုပ်လည်းရှာပေးခဲ့သည်။ စားစရာလည်းဖန်တီးပေးခဲ့ပြန်သည်။ သည်တော့ ရောမကျေးဇူးရှင်ကြီးဖြစ်လာခဲ့၏။

သည်တော့ သူ့မှာအနေနှင့်တစ်ခုခုပေးဆပ်ရမည့်မှန်း ကြိုသိနေပါ၏။ သည်လိုနှင့်မျှော်လင့်ထားသော တစ်ရက်မှာပင် _

“မင်းငါ့ကို အကူအညီပေးပါ”





“ပြောကြည့်လေ _ ကျွန်မကူညီနိုင်တာဆို ကူညီပါ့မယ်”

“ဒီကိစ္စဟာ လျှို့ဝှက်ထားရမယ့် ကိစ္စ၊ ပိပိရိရိတော့လုပ်ဖို့လိုမယ်”

“ကျွန်မကိုရှင်းအောင်ပြောပါ”

“တကယ်လို့ ဒီကိစ္စသာအောင်မြင်မယ်ဆိုရင် သိန်းထောင်ချီတဲ့ငွေတွေကို မင်းရောငါပါရမယ်”

“မြန်မြန်ပြောစမ်းပါရှင်”

“ငါ့မိန်းမနာမည်အပြည့်အစုံက ကြာဖြူမိုးတဲ့၊ ဒါပေမယ့် အားလုံးကတော့ မိုးမိုးလို့ပဲခေါ်တယ်၊ သားသမီးမထွန်းကားခဲ့ဘူး။ တစ်ရက်မှာတော့ တို့နှစ်ယောက်တရားဝင်ကွာရှင်းခဲ့ကြတယ်၊ အဲဒီလိုကွာရှင်းပြီးလို့ မကြာခင်မှာ သူ့အမေအရင်းပေါ်လာခဲ့တယ်”

“ရှင်တို့လက်ထပ်တုန်းက”

“မွေးစားမိဘတွေ သူဟာငယ်စဉ်ကတည်းက စွန့်ပစ်ခံခဲ့ရတာ၊ လူမှုဝန်ထမ်းကျောင်းကနေမွေးခဲ့တာ”

“သူ့အမေအရင်းပြန်ပေါ်လာတော့”

“အရမ်းချမ်းသာတဲ့မိန်းမကြီး၊ နောက်အိမ်ထောင်နဲ့တောင်ကြီးမှာနေတယ်၊ သူ့သမီးကိုလည်း သိန်းထောင်ချီတဲ့အမွေတွေပေးတယ်၊ အတူတော့မနေဘူး”

“မွေးစားမိဘတွေက”

“နှစ်ယောက်စလုံးဆုံးကုန်တာမကြာသေးဘူး”

“ဒါနဲ့ရှင်က ... ”

“ငါက သူ့ကိုပြန်ပေါင်းဖို့ပြောတယ်၊ ဒါပေမယ့် သူကလက်မခံဘူး”

“ဘာကြော[illegible]လဲ”

“ဆင်းရဲတုန်းက သူ့ကိုခွာပြီး ချမ်းသာလာတော့မှ ပြန်ပေါ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ နာကြည်းချက်က သူ့ရင်ထဲမှာအမြစ်တွဲနေတယ်၊ ငါဘယ်လို ဖျောင်းဖျ ဖျောင်းဖျ သူလက်မခံဘူး၊ အဲ ... မိတ်ဆွေ တစ်ယောက်အနေနဲ့တော့ နောက်ဆုံးအနေနဲ့ လက်သင့်ခံပေးမယ်တဲ့''

''ဒါနဲ့ ရှင်ကသဘောတူလိုက်ရောလား''

''ဘယ်လိုမှပြောလို့မရတော့ ဒါကိုပဲအခွင့်အရေးတစ်ရပ်အနေနဲ့ သုံးရတော့မှာပေါ့၊ ဒါပေမယ့် သူပိုင်ဆိုင်တာတွေကိုတော့ ငါတိုက်ရိုက်ယူလို့မရတော့ဘူး၊ ငါ အဲဒီငွေတွေကိုပိုင်ဆိုင်ချင်တယ်''

''ကျွန်မ ဘာအကူအညီပေးရမလဲ''

''အခုလောလောဆည် တည်ကြက်ထားထားတာ ကြည်ဇော်ဦးဆိုတဲ့ ကောင်ပဲ၊ ခုတလော မိုးမိုးစိတ်တွေထွေပြားနေတယ်၊ သူ့ကိုယ်သူ သူ့အဘွားဝင်စားသလိုလို ဘာလိုလို၊ ဒါဟာလည်း ငါ့အတွက်ပေးလာတဲ့ ကုသိုလ်ကံပဲ-

လတ်တလော ကြည်ဇော်ဦးဟာ မိုးမိုးနဲ့ရင်းနှီးပြီးအနီးကပ်စောင့်ရှောက်နေတယ်၊ သူ့တို့နှစ်ယောက်ကြည့်ရတာ သိပ်မှုမမှန်ဘူး၊ သူတို့နှစ်ယောက် ညားသွားရင် ငါ့အကြံအစည်တွေပျက်မယ်၊ ဟိုနေ့က သူတို့နှစ်ယောက်ချောင်းသာက ပြန်လာခဲ့ကြတယ်''

''ရှင်လိုက်ချောင်းသေးလား''

''မချောင်းဘဲနေပါ့မလား၊ ဒါဟာ အရေးကြီးဆုံးကိစ္စပဲ၊ သူတို့အခန်းတစ်ခန်းထဲမှာ အတူတူနေခဲ့ကြတယ်၊ သူတို့ကိုကြာကြာလွှတ်ထားလို့မဖြစ်ဘူး၊ လွှတ်ထားလိုက်ရင် ငါ့ရဲ့ပိုင်ဆိုင်ခွင့်တွေအများကြီးဆုံးရှုံးသွားပြီ''

''ဒီတော့ ကျွန်မက''

''နောက်ဆုံး ဇာတ်သိမ်းခန်းတစ်ခန်းကိုတော့ မင်းဟာမိုးမိုးနေရာအစားဝင်ပြီး သရုပ်ဆောင်ပေးရမယ်''

ထိုနေ့က သူမဘုရားကျောင်းထဲမှ မျှော်စင်ပေါ်သို့သစ်သားလှေကား





ထစ်တွေအတိုင်း ခုန်းဆိုင်းတက်ခဲ့သည်။ သူမနောက်သို့ကြည်ဇော်ဦး လိုက်လာ၍ မမီနိုင်ခင်မှာပင် အံဖုံးတံခါးကိုအမြန်ပိတ်ပစ်လိုက်သည်။

ကြည်ဇော်ဦးမှာ အမြင့်ကြောက်တတ်သူမို့ ထိုလောက်ထိလိုက်မတက်နိုင်တာဟု နီမောင်ကြိုပြောပြီးသား။

မျှော်စင်ထိပ်တွင် နီမောင်စောင့်နေသည်။ သူ့ရင်ခွင်ထဲတွင်တော့ ဂျူးဂျူးဝတ်ဆင်ထားသည့်အတိုင်း ပြင်ဆင်ထားသော မိုးမိုးမှာသတိကင်းမဲ့စွာနှင့်ပျော့ခွေနေသည်။

သူမ အပေါ်သို့ရောက်ရောက်ချင်းပင် နီမောင်က မိုးမိုးအစစ်ကို မျှော်စင်ပေါ်မှတွန်းချလိုက်သည်။ သူမအော်လိုက်သည့်အခါ နီမောင်က သူမပါးစပ်ကို လှမ်းပိတ်ပြီး တစ်ဘက်သို့ပွေ့ခေါ်သွားသည်။ ထိတ်လန့် ချောက်ချားမှုများကြောင့် သူမတစ်ကိုယ်လုံးတုန်ယင်နေခဲ့၏။

ဂျူးဂျူးအတွေးများကို ချက်ချင်းဖြတ်တောက်ပစ်လိုက်၏။ သူမဘာကိုမှဆက်မစဉ်းစားချင်တော့ပါ။ ဂျူးဂျူးဆုံးဖြတ်ချက်တစ်ရပ်ကို အမြန်ချပြီး ချက်ချင်းအကောင်အထည်ဖော်တော့၏။

ယင်းမှာ အဝတ်ဗီရိုသို့တန်းသွားသည်၊ ခရီးဆောင်အိတ်ကိုထုတ်သည်။ အဝတ်အစားတွေကို စုပြုံထိုးသိပ်ထည့်သည်။

''တော်ပြီ နယ်ကိုပြန်မယ်''

မိုးမိုးသေဆုံးသည့်နေ့က ဝတ်ခဲ့သည့်အကျႌကိုမမြင်ချင်တော့။

''သွားစမ်း ... သွားစမ်း''

တစ်နေရာသို့လွှင့်ပစ်လိုက်သည်။ ထို့နောက် သူမ ဂုတ်တုပ်ထိုင်တားငေးမှိုင်သွားပြန်သည်။

''ငါဒီလိုချောင်နေလိုက်ရင် ပိုဆိုးသွားမလား''

ခုချိန်တွင် အရာရာအားလုံးပြီးဆုံးသွားပြီ။ နီမောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခြေကျအနေကျလည်းဖြစ်နေပြီ။ လုပ်ဖော်ကိုင်ဘက်တွေနှင့် အလုပ်လည်း အဆင်ပြေနေပြီ။ ယခု ကြည်ဖော်ဦးကို ပြန်တွေ့ရုံနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရမတဲ့လား။

နောက် ... ကြည်ဖော်ဦး သူမကိုသိသွားသည်က ဂျူးဂျူးအဖြစ်နှင့်။ ဘာတွေထိတ်လန့်စရာရှိလဲ။ ဘာတွေစိုးရိမ်စရာရှိလို့လဲ။ စိတ်အတွင်းမှကြဖန် စိုးရိမ်နေခြင်းသည် ဒုက္ခတရားကိုလက်ယက်ခေါ်နေတာနှင့် မတူပေဘူးလား။

"ကျွန်တော့်ကို ဂျူးဂျူးရဲ့မိတ်ဆွေတစ်ယောက်အဖြစ်လက်ခံပေးပါ"

အရင်းဆုံးဆိုရလျှင် သူမကြည်ဖော်ဦး၏ ရုပ်ရည်နှင့်အမူအရာကိုနှစ်သက်မိသည်။ သူ့ကိုခဏတာဆုံစည်းလိုက်ရသော်လည်း စိတ်ထဲတွင်စွဲနေခဲ့သည်။ ချစ်သူတစ်ယောက်အပေါ် အစွဲအလမ်းကြီးတတ်မှုကိုလည်း သူမ သဘောကျသည်။

သူမအကြိမ်ကြိမ်စဉ်းစားနေမိသည်။ ရှောင်သွားသင့်သလား။ ဆက်သွားသင့်သလား။ နောက်ဆုံးတော့ ခရီးဆောင်အိတ်ကို အဝတ်ဗီရိုထဲသို့ ပြန်လည်ပစ်ထည့်လိုက်ပါတော့၏။

❖

## လှဝင်းစားတမ္ဘွ

ဂျူးဂျူးနေထိုင်ရာတိုက်ခန်းအတွင်း ညဦးပိုင်းကတည်းက မီးတွေ ပျက်သွားတာ မှတ်မိနေသည်။ ဘတ္တရီအားသွင်းမီးချောင်းလေးမှာလည်း လျှပ်စစ် အားသွင်းရန်မေ့လျော့နေသောကြောင့် မှိန်မှိန်ပါးပါးပင် မလင်းချင်တော့။ ထို့နောက် ဖယောင်းတိုင်လက်ကျန်လေးကို ထွန်းခဲ့တာအမှတ်ရနေမိသည်။

သည်ညတွင်တော့ သူမစိတ်တွေတည်ငြိမ်မှုကင်းမဲ့နေသည်။ လူတစ်ယောက်အားလုပ်ကြံသတ်ဖြတ်မှုတွင် နီမောင်မှာ သေသေသပ်သပ် ပိပိရိရိ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် ရာဇဝတ်မှုသည်ပြေး၍လွတ်မည်ပါမည်လား။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါလား။ အမှန်တရားသည် တစ်နေ့မဟုတ် တစ်နေ့မပေါ်တော့ဘူးလား။

နီမောင်၏အကြံအစည်များတွင် သူမလည်းပါဝင်နေသည်မို့ ဥပဒေနှင့် လွတ်ကင်းနိုင်သူဖြစ်ပါ့မည်လား။ နီမောင်က သူမအားဝေစုအဖြစ် အနည်းငယ် သောငွေတချို့နှင့် လက်ဝတ်ရတနာတချို့ကိုသာပေးသွားခဲ့သည်။ ပြောရလျှင် တစ်မျိုး။ အလုပ်ပြီးမြောက်သွားတော့တစ်မျိုး။ နီမောင်အလွန်ကောက်ကျစ် စဉ်းလဲသူတစ်ယောက်အဖြစ် နောက်မှသူမသိလာရသည်။ စိတ်နာရသည်မှာ

www.burmeseclassic.com



လည်း ပြောဖွယ်ရာမရှိတော့။

"ဟား ဟား ဟား"

ထိုစဉ်အခိုက် ရယ်မောသံသဲ့သဲ့ကိုကြားလိုက်ရ၏။ သူမလန့်ဖျန့်သွားသည်။ မဝေးသောနေရာတစ်ခုမှအသံ။ အသံက ကျယ်ကျယ်လောင်လောင်ကြီး မဟုတ်သော်လည်း အင်းအားတွေရှိသည်ဟုခံစားရ၏။

"ဟား ဟား ဟား"

အသံကတိုးသွားလိုက်။ ရပ်သွားလိုက်။ ပြန်ပေါ်လာလိုက်နှင့် ... စောစောကဖယောင်းတိုင် မီးရောင်ဘယ်ရောက်သွားပါလိမ့်။ တိုက်ခန်းထဲတွင် အလင်းဖျော့ဖျော့သာရှိနေသည်။ ထိုအဖြစ်မျိုးတစ်ကြိမ်တစ်ခါမျှမကြုံဖူး။

"ဟား ဟား ဟား"

သူမကြောက်လန့်စိတ်ကိုတွန်းထုတ်ကာ ညှော်ခန်းဆီသို့တရွေ့ရွေ့လှမ်းသည်။ အကြောင်းမှာတော့ ညှော်ခန်းဆီမှထွက်ပေါ်လာသော အသံဖြစ်နေခြင်းကြောင့်ပင်။ ခန်းဆီးလိုက်ကာကိုဖွင့်လိုက်စဉ်တွင် ...

"အမေ့ ... "

သူမ ခန္ဓာကိုယ်တစ်ခုလုံး ပြိုပျက်လဲကျသွားသည်။ ဆိုဖာပေါ်တွင် မြင်နေရသောမြင်ကွင်းကြောင့်ပင်။ မှောင်နေသော်လည်း ထိုင်နေသူကိုပြတ်ပြတ်ထင်ထင်မြင်နေရသည်က ထူးဆန်းနေ၏။

ရှေးခေတ်အဝတ်အစားနှင့် မိန်းမပျိုတစ်ယောက်။ ဆံထုံးကိုကျကျနန ထုံးထားသည်။ အင်္ကျီလက်အနားသတ်တွေက ဇာပန်းကွက်တွေဖော်ထားသည်။ ထက်လေးနှင့်ထက်စင်အနက်ကြီးကို ထင်ထင်ရှားရှားမြင်နေရပြီး ဝတ်ထားသော ထဘီမှာ ပိုးသားဟုသူမထင်သည်။

အထူးခြားဆုံးမှာ ညာလက်နှင့် ကိုင်ထားသောအဝါရောင်နှင်းဆီပန်း စည်းပင်ဖြစ်၏။





"ဟား ဟား ဟား"

"ရှင် ရှင် ရှင်"

ပါးစပ်ကရယ်နေသော်လည်း မျက်လုံးတွေကသေနေသည်။ အကြည့်ဇာတ် လုံးဝမရှိ။ သေသေချာချာကြည့်လျှင် ကြောက်စရာပင်ကောင်းနေသေးတော့၏။ ထိုမိန်းမ၏မျက်နှာမှာမူ သူမနှင့်တူသလိုလို။ သို့သော် ပါးပြင်ပေါ်တွင် သွေးရောင်မရှိ။ နှုတ်ခမ်းတွေက ပြာနှမ်းနှမ်းမို့ အသုဘအလောင်းတစ်လောင်းနှင့်ပင်တူနေသေးတော့၏။

"ညည်း အခုတော်တော်ဟုတ်နေတယ်ပေါ့လေ"

"ရှင် ... ရှင် ... မိုး ... မိုး ... မိုး"

"ကြာဖြူမိုးလေ ... မမှတ်မိတော့ဘူးလား၊ အဘွားကြာဖြူသွယ် ဝင်စားတဲ့ ကြာဖြူမိုးမှ ကြာဖြူမိုးအစစ် ဟား ဟား ဟား"

"ရှင် ... ရှင် ... ဘာ ... ဘာ ... လဲ"

သူမအသံတွေ တစ်ဆို့နေသလို စကားလုံးတွေကလည်း အပြည့်အစုံ ဖြောင့်ဖြောင့်တန်းတန်းထွက်မလာခဲ့ပါ။

"ညည်းနဲ့နီမောင် ငါ့ကို ပူးပေါင်းကြံစည်သတ်ခဲ့ကြတာ ခုတော့ မေ့ထားလိုက်ပြီပေါ့လေ၊ အံ့ပါရဲ့အေ"

"ကျွန် ... ကျွန်မမှားသွားပါတယ်"

"အခုမှ[illegible]မှားနဲ့၊ လုံးဝခွင့်မလွှတ်ဘူး၊ ဘယ်တော့မှခွင့်မလွှတ်ဘူး"

"ကိုနီမောင်စကားကို ကျွန်မနားယောင်ခဲ့မိလို့ပါ"

"ညည်းလည်းငွေမက်တဲ့ကောင်မပဲ"

"တောင်းပန်ပါတယ် တောင်းပန်ပါတယ်ရှင်"

"ကဲ ... ပြော ဘယ်မှာလဲ၊ ငါ့ရဲ့ပတ္တမြားလည်ဆွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားလည်ဆွဲ"

"ညည်း … အူကြောင်ကြောင်လုပ်မနေနဲ့နော်၊ နီမောင်က ငါ့ကိုသတ်ပြီး ငါ့ပစ္စည်းတွေယူတယ်၊ ညည်းကို တချို့တဝက်ပေးခဲ့တယ်၊ အဲဒီအထဲမှာ ငါ့ဘိုးဘွားအစဉ်ဆက်က စောင့်ထိန်းလာတဲ့ ပတ္တမြားလည်ဆွဲ ညည်းကိုပေးခဲ့တယ်၊ အဲဒါကိုပြောတာ"

"ဟုတ် … ဟုတ် … ပေးခဲ့ပါတယ်"

"အဲဒါ ပြန်ပေး"

"ဒါဆို ခဏလေးစောင့်ပါဦးနော်"

သူမ အလင်းရောင်မှိန်ဖျော့ဖျော့အောက်မှာပင် အခန်းထဲဝင်လာခဲ့၏။ သူမ နီမောင်ပေးလို့သာယူခဲ့သော်လည်း သိပ်တော့နှစ်သက်ခြင်းမရှိခဲ့ပါ။ သူမက ဖန်စီပစ္စည်းအသုံးအဆောင်တွေသာ နှစ်သက်သူ။ သူမတုန်ယင်နေသော လက်တွေနှင့်လည်ဆွဲထည့်ထားသော ဘူးကိုရှာသည်။ မတွေ့။ အရေးထဲ ဘယ်ရောက်နေရတာပါလိမ့်။ လင်းလင်းချင်းချင်းမဟုတ်သဖြင့် သူမ အခက်တွေ့နေသည်။

"ကလိန်ကကျစ်မ … မြန်မြန်ပေး"

သူမလှည့်ကြည့်တော့ နောက်ဘက်ဆီတွင် ရောက်နေသည်။

"ဒီမှာကြည့် … ညည်းကိုလည်းအရှင်မထားဘူး၊ သတ်ပစ်မယ်"

တစ္ဆေ၏လက်နှစ်ဖက်က သူမလည်ပင်းပေါ်ရောက်လာသည်၊ နှင်းဆီဓါတ်မွှင့်ဖတ်တွေကကြွေကျကာ ဆူးတွေက သူမလည်မျိုကို ထိုးဖောက်သည်။

"ဟား … ဟား … ဟား …"

"မလုပ်ပါနဲ့ … မလုပ်ပါနဲ့ … လည်ဆွဲပြန်ပေးပါ့မယ်"

"ဟား … ဟား … ဟား"

သူမလည်ပင်းတစ်ခုလုံး အစ်လာသည်။ အသက်ရှူ၍မရတော့။





ထိုအတူ အော်၍လည်း အသံမထွက်တော့ပါ။

"အု … အု … အုအု … အု"

ဂျူးဂျူး ခေါင်းတွေ ယမ်းခါရင်း နိုးလာခဲ့သည်။ သူမ အိပ်ရာပေါ်တွင် အိပ်နေခြင်းမဟုတ်။ မီးတွေလည်းပြန်လာ၍ လင်းထိန်နေပြီ။ ဆိုဖာပေါ်တွင် ခေါင်းတင်ကာ အိပ်ပျော်သွားခြင်းဖြစ်၏။

နှဖူးပြင်တွင် ချွေးသီးတွေ စို့နေသည်။

"ငါ … မိုးမိုးကို အိပ်မက်,မက်နေတာပါလား"

သူမ မီးပျက်သွားကတည်းက ဖြစ်စဉ်ကြီးတစ်ခုလုံးကို အပြန်ပြန် အလှန်လှန်တွေးနေခဲ့ခြင်းဖြစ်သည်။ စိတ်စွဲ၍ မက်ခြင်းသာဖြစ်ပေလိမ့်မည်။ သူမ ရေအေးအေးတစ်ခွက်ကို တစ်ဝသောက်လိုက်၏။

ထို့နောက် အခန်းအတွင်းသို့ဝင်ကာ ရတနာဘူးကိုယူသည်၊ ဖွင့်ကြည့်တော့ ပတ္တမြားလည်ဆွဲရှိနေသေး၏။ အမှန်တကယ်လည်း သူမ မဆွဲလိုပါ။ ငွေလိုသည့်အခါ ရောင်းသုံးရန်အတွက်ပင်ဖြစ်သည်။ သူမစိတ်ပျက်လက်ပျက် နှင့် အိပ်ရာပေါ် ဝုန်းခနဲ လှဲချလိုက်၏။

အတတ်နိုင်ဆုံးတော့ အိပ်မက်ဆိုးတွေကို ခေါင်းထဲကနေ ဖယ်ထုတ်မှ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## တိတ်တခိုး

ထိုအဖြစ်ပျက်များဖြစ်ပွားပြီး မကြာမီ တစ်ရက် ဂျူးဂျူးအလုပ်မှ အပြန် တစ်နေရာတွင် ကြည်ဖော်ဦး စောင့်နေတာတွေ့သောကြောင့် အံ့သြသွားသည်။

''ဘယ်မှာလုပ်နေတာ ဘယ်လိုသိလဲ''

''ဒါဟာ ရေးကြီးခွင်းကျယ်ပြောရမယ့်စကားလား''

''အစ်ကိုကတော့ လျှင်တယ်နော်''

အဖော်တွေက သူ့ကိုတွေ့တော့ အလိုက်သိစွာ ခွဲသွားကြ၏။ သည်တစ်ခေါက်တော့ သူကိုယ်ပိုင်ကားနှင့်ဖြစ်သည်။

''ကဲ … ကားပေါ်တက်''

''ဘယ်လဲလို့ မေးပိုင်ခွင့် မရှိတော့ဘူးလား''

''တစ်နေရာရာသွားပြီး ညစာသွားစားမလို့''

''ဂျူးဂျူးက ဒီအဝတ်အစားနဲ့လိုက်ရမှာလား''

သူက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ကာ …





''ကောင်းပြီလေ … တိုက်ခန်းကိုပြန်ပြီးလိုက်ပို့မယ်၊ နာရီဝက်အချိန်ပေးမယ်၊ ဒါဆိုဖြစ်တယ် မဟုတ်လား''

''ကျွန်မလို ဂဂျီဂဂျောင်မများတဲ့ မိန်းကလေးတစ်ယောက်အတွက်တော့ အစ်ကိုပေးတဲ့ အချိန်ကမဆိုးပါဘူး၊ လုံလောက်ပါတယ်''

ထို့နောက် သူတိုက်ခန်းသို့ လိုက်ပို့ပေးခဲ့သည်။ အပေါ်သို့ပင် မတက်ကားထဲကပင် စောင့်နေလိုက်၏။

ဂျူးဂျူးပြန်ရောက်လာသောအခါ မိုးမိုးနှင့်စားသောက်ဖူးသော ဆိုင်သို့ကားမောင်းထွက်လာခဲ့၏။ ဂျူးဂျူးက ဆိုင်အပြင်အဆင်ကိုကြည့်ကာ …

''ဆိုင်အပြင်အဆင်လေးက မဆိုးဘူးနော်''

''ကိုယ် … မိုးမိုးနဲ့ဒီဆိုင်လေးကို လာစားဖူးတယ်''

ထိုအပြောကြောင့် သူမ မျက်နှာအနည်းငယ်ပျက်သွားသည်၊ သို့သော်လည်း ဘာမျှတော့ပြန်မပြောမိပါ။ သူက မိုးမိုးကြိုက်တတ်သည့် အစားအစာကိုမှာသည်။

ဂျူးဂျူးကို ရွေးချယ်ပိုင်ခွင့်မပေး။ ထို့နောက် သူက တယုတယပင်တည်ခင်းညှော်ကျွေးမွေးပါသည်။

သူ့ပုံစံက သူငယ်ချင်းတစ်ယောက်လိုမဟုတ်။ ချစ်သူတစ်ယောက်လိုဖြစ်နေသည်။ သူမ န[illegible]ည်းအနေရ အထိုင်ရခက်သော်လည်း သူ၏ကြင်နာမှုများအောက်တွင် အလိုက်သင့် နစ်မျောနေမိတော့၏။

''ကိုယ့်ဘဝဟာ ဂျူးဂျူးနဲ့တွေ့တော့မှပြန်ပြီး အသက်ဝင်လာတော့တာ''

''ဘာကြောင့်လဲ''

''မိုးမိုးနဲ့တူလို့''

''ချစ်သူတွေဖြစ်ခဲ့ကြလို့လား''



www.burmeseclassic.com

www.burmeseclassic.com



သူမက မသိချင်ယောင်ဆောင်ကာမေးသည်။ သူကတော့ ပွင့်ပွင့်လင်းလင်းပင်။

''ဟုတ်တယ်''

''သူ့ကိုသိပ်ချစ်လားဟင်''

''ရူးမတတ်ချစ်ခဲ့တာ''

''သူက ချမ်းသာလားဟင် ... ''

''အဲဒါတွေ ကိုယ်စိတ်မဝင်စားဘူး''

ထို့နောက် သူတို့ရောက်တတ်ရာရာလေးများ ပြောဖြစ်ကြသည်။ ပျော်စရာကောင်းသလို စိတ်ကြည်နူးစရာလည်းကောင်းပါသည်။ ကြည်ဖော်ဦးနှင့် အနီးကပ်တွဲကြည့်တော့မှ တကယ့်နှစ်လိုဖွယ်ရာ ယောက်ျားဟု နားလည်ခဲ့ရသည်။

နောက်ပိုင်းတွင် မကြာခဏဆိုသလို ညစာအတူတူစားဖြစ်ကြသည်။ ဆိုင်အပြောင်းအလဲမလုပ်ခြင်းအပေါ်တော့ သူမ အနည်းငယ်ဘဝင်မကျမိပါ။ သို့သော်လည်း ကြည်ဖော်ဦး၏ စိတ်ဆန္ဒများအပေါ် လိုက်လျောနေရတာကိုပင် ကျေနပ်နေမိ၏။

''ဂျူးဂျူးကြိုက်တာလည်း မှာခွင့်မရှိတော့ဘူးလား အစ်ကို''

''ဒါလည်းကောင်းပါတယ် ... ဂျူးဂျူးရယ် စားလိုက်ပါ''

''ဂျူးဂျူးက မိုးမိုးကိုယ်စား အသုံးချခံနေရတာလား''

''ကိုယ့်ကိုခင်ရင် အဲဒီလိုမပြောနဲ့''

''အစ်ကိုလုပ်နေတာတွေလည်း ကြည့်ဦးလေ၊ ဆုံးသွားတဲ့မိန်းကလေးတစ်ယောက်ကို အရေးပေးနေသလိုမျိုး''

''ကိုယ်ယုံကြည်ရာကိုပဲ ကိုယ်လုပ်ချင်တယ်၊ တကယ်လို့ ကိုယ့်ဘက်က မှားသွားတယ်ဆိုရင်တောင် ခင်မင်မှုတစ်ခုတည်းနဲ့ သည်းခံပေးပါ''





''ဟွန်း ... တစ်ကိုယ်ကောင်းဆန်လွန်းတယ်''

''ကြည့် ... ကြည့် ... ကလေးလေးကျနေတာပဲ''

ထိုအခါတိုင်း အရယ်အမောများနှင့် သူမစိတ်ကို ဖြေဖျောက်တတ်သည်။

သည်လိုနှင့် သူတို့အကြိမ်ကြိမ်အခါခါ တွေ့ဖြစ်ကြသည်၊ ကြည်ဖော်ဦး စိတ်အတွင်းမှ မည်သို့ရှိလေမည်မသိသော်လည်း သူမဘက်ကတော့ သံယောဇဉ်တွေ တစ်ရစ်ပြီးတစ်ရစ် တိုးလာခဲ့သည်။ မညာစတမ်းပြောရလျှင် ရင်တွင်းမှ တိတ်တခိုးလေး ချစ်မိနေပြီ။

အကယ်၍များ တစ်နေ့နေ့တစ်ချိန်ချိန် ချစ်ခွင့်ပန်လာခဲ့လျှင် သူမဘက်မှ အဖြေပေးဖို့ရာ အဆင်သင့်။

တစ်ကြိမ်တွင် သူက ဂျူးဂျူးကို တောအုပ်လေးဆီခေါ်သွားပြန်သည်။

''ပြောပါဦး ... ဒါလည်း မိုးမိုးနဲ့အတူရောက်ခဲ့တဲ့နေရာပဲ မဟုတ်လား''

သူ ဘာမျှမပြော။ ပြုံးရုံသာ ပြုံးနေသည်။ ရောမ သစ်ပင်ကြီးတွေက တော့ သူမအတွက် အထူးအဆန်းပင်။ ထိုနေရာတွင် သူတစ်ခုခုပြောလိမ့်မည် ဟုထင်သော်လည်း သူမ မျှော်လင့်ထားသလိုဖြစ်မလာပါ။

''မိန်းကလေးက ချစ်ရတာ ပင်ပန်းလွန်းလိုက်တာနော်''

နောက် သူတို့ချောင်းသာသို့ သွားခဲ့ကြသေးသည်။ ဂျူးဂျူး အတွက်တော့ အပျော်ဆုံးနေ့ရက်များပင်။ မိုးမိုးတုန်းကလိုတော့ မဟုတ် တစ်ယောက်တစ်ခန်းတည်းကြသည်။ သည်အချိန်ရောက်သည့်တိုင် သူ့ နှလုံးသားတွေ မာကြောနေပါသေး၏။ အပျော်တွေများများပေးခဲ့သော်လည်း သူငယ်ချင်းတစ်ယောက်အဖြစ်မှ တစ်စက်လေး စည်းမဖောက်ခဲ့။ ထို့အတွက် သူမ မချင့်မရဲဖြစ်ရ၏။

ထူးခြားမှုတစ်ခုတော့ ကြုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတွင် ဘာကြောင့်မှန်းမသိ။ သူ့မျက်နှာ သိပ်မကောင်း။ အလာတုန်းကထက် စကားများစွာ နည်းသွားတာတော့ သေချာသည်။ သူမ မေးတော့လည်းမဖြေ။ ဂျူးဂျူးအတွက်တော့ ပဟေဠိ တစ်ပုဒ်လိုဖြစ်သွားသည်။

♐ ❖ ♐



## မျက်နှာနှစ်ခုရဲ့ ဇာတိရုပ်

ချောင်းသာသို့သွားပြီးနောက် ကြည်စော်ဦးနှင့် ဂျူးဂျူး မတွေ့ကြသည်မှာ တစ်ပတ်ခန့်ပင်ရှိသွားလေပြီ။ ဖုန်းအဆက်အသွယ်လည်းမရ။ ယခင်ကဆိုလျှင် နေ့စဥ်လိုလိုတွေ့နေကြသည့်လူနှစ်ယောက်။

ထိုရက်အတောအတွင်း အခံစားရဆုံးမှာ ဂျူးဂျူးပင်။ ဘာဖြစ်တာလဲ။ ဘာကြောင့်လဲဆိုသော အတွေးက အလုပ်လုပ်နေရသည်ကိုပင် မဖြောင့်ချင်။ ယခုလို ရုတ်တရက်ကြီး အဆက်အသွယ်ပြတ်သွားခြင်းအပေါ်လည်း သူမ သံသယဖြစ်နေမိ၏။

"သူ ... ငါ့ [illegible] ဘာမကျေနပ်စရာရှိလို့လဲ"

ကြာတော့ သူမခေါင်းစားလာသည်။ သိပ်ကြာကြာတော့ မစောင့်လိုက်ရပါ။ တစ်ခုသော စနေနေ့ မနက်ပိုင်းတွင် သူ့အခန်းတံခါးကို လာခေါက်ပါသည်။

"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

ထိုနေ့က သူမအစောကြီးနိုးနေခဲ့သည်။ အခန်းတံခါးခေါက်စရာလူရှိလို့လည်း သူတစ်ယောက်[illegible]ည်းရှိသည်။ ထို့ကြောင့် အပြေးကလေး တံခါးသွား ဖွင့်ပေးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်း ... ဂျူးဂျူး"

သူက သားသားနားနား ဝတ်ဆင်ထားသည်။ လက်ထဲတွင်လည်း အဝတ်အစားထည့် လက်ဆွဲအိတ်တစ်လုံးနှင့်။

"ဘာလို့ ပျောက်နေတာလဲ"

သူမက မျက်နှာလေး စူပုတ်ကာမေးသည်။ အကယ်၍များ သည်နေရာတွင် ချစ်သူတွေဆိုလျှင် အကောင်းဆုံး စိတ်ကောက်ပြလိုက်မည်သာဖြစ်၏။ ခုတော့ ဝံ့ဝံ့စားစား မလုပ်ရဲ။

"ကိစ္စလေးတွေရှိနေလို့ပါ"

သူက ပြောပြောဆိုဆို အခန်းအတွင်းသို့ဝင်ထိုင်သည်။

"ဟော့ဒီမှာ ဂျူးဂျူးအတွက် လက်ဆောင်ဝတ်စုံ၊ ရေမိုးချိုး အလှပြင်ပြီးရင် ဒီဝတ်စုံလေးဝတ်လာခဲ့၊ ကိုယ်တို့ တစ်နေရာ သွားစရာရှိတယ်"

"တစ်နေရာ ... "

"ဘယ်ဖြစ်ဖြစ်လေ၊ ကိုယ်ခေါ်ရာနောက် ဂျူးဂျူးအမြဲတမ်းလိုက်ခဲ့တာပဲ"

"အဲသလိုခေါ်လို့ရကြေးလား"

"ဒီတစ်ခါတော့ ကိုယ့်ဆန္ဒနောက်ဆုံး"

"နည်းနည်းတော့ ထူးခြားနေသလိုပဲ"

"ဟုတ်တယ် ... သိပ်ကိုထူးခြားတယ်၊ ဂျူးဂျူးအတွက် အမြဲတမ်း အမှတ်တရဖြစ်စေမယ့်အရာ"

သည်တစ်ကြိမ်တော့ သူ ... သူမကို ချစ်ခွင့်ပန်မှာ သေချာသွားပေပြီ၊ ထို့ကြောင့် သူမရင်ထဲ လှိုက်ခနဲဖြစ်သွား၏။

သူမက အိမ်အတွင်းမှ ဝတ်စုံကို ထုတ်ကြည့်သည်။

"ဟင် ... အစိမ်းရောင်ကြီး"





သူမ ဝတ်စုံကိုကြည့်ကာ လန့်သွားသည်။ သည်ဝတ်စုံကို သူမ မသိတဲ့အုပ်မလား။ မိုးမိုး ခုံခုံမင်မင်နှစ်နှစ်သက်သက် ဝတ်သော အရောင်အသွေး။ ထိုမှုမက ဒီဇိုင်းကလည်းအတူတူပင်။

"ဒါကြီးကို ဂျူးဂျူး မကြိုက်ပါဘူး"

"ဒါ ... မိုးမိုးဝတ်တဲ့ အရောင်နဲ့ဒီဇိုင်း"

"မင်းဘယ်လိုသိတာလဲ"

ထိုအခါမှ သူမစကား သူမမှားသွားမှန်းသိကာ ...

"အစ်ကိုရွေးရင် မိုးမိုးအကြိုက်ပဲ ရွေးတာမို့သိတာ"

သူ ခပ်ယဲ့ယဲ့လေးပြုံးလျက် ...

"ကဲပါ ... အချိန်မရှိဘူး၊ ရေချိုးခန်းထဲသာဝင်ပါတော့၊ ဒီကောင်မလေး တော်တော်အပြောရခက်တယ်"

"ဒါကြီးကိုမှ မကြိုက်တာ၊ မဝတ်ချင်ပါဘူး"

"ဂျူးဂျူးရယ် ဒီတစ်ခါတော့ ကိုယ့်စကားကိုနားထောင်လိုက်ပါနော်၊ သိမှာပါတယ်၊ ကိုယ် ဒီဝတ်စုံလေး ဂျူးဂျူးဝတ်တာမြင်ချင်လို့ပါ၊ စကားတွေအများကြီးမပြောပါနဲ့နော်၊ နက်ဖြန်ကတည်းက ကိုယ်ဟာစိတ်ဆင်းရဲတဲ့ဒဏ်ကိုခံစားနိုင်လို့ပါ"

ထိုစကားတစ်ခွန်းနှင့်ပင် ဂျူးဂျူးစိတ်တွေ ပြေလျော့သွားရပါ၏။ သူမ ဘာမှုတွေတွေထူးထူးပြောမနေတော့ပါ။ ရေချိုး၊ အလှပြင်၊ အဝတ်အစားလဲ၊ ထို့နောက် ...

"ကဲ ... ကျေနပ်ပြီလား"

"အိုကေ"

သူမ သူ့နောက်မှ ဆင်းလိုက်လာခဲ့သည်။ အမှတ်တရဖြစ်စေရန် သူမ၏ ကျောရှင်းသောလည်တိုင်တွင် ပတ္တမြားလည်ဆွဲလေးကိုလည်း ဆွဲလာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမအားရှေ့ခန်းတံခါးကို ရိုရိုသေသေဖွင့်ပေးသည်။ ချစ်သူ[illegible]
လိုလို၊ အရှင်သခင်လိုလို။ သူမ ပီတိဖြစ်ရသည်ကတော့ အမှန်ပင်။ ကား[illegible]
ကိုပိတ်ကာ မောင်းလာခဲ့သည်။

ထိုအချိန်မှစကား သူမစကားတွေ ဖောင်လောက်အောင်ပြော[illegible]
သူ မပြောတော့ပါ။

"အစ်ကို ဘယ်ကိုမောင်းနေတာလဲဟင်"

"ကိုယ့်အတွက် အမှတ်တရနေရာလေးတစ်ခုကိုပါ"

"ဘယ်နေရာလဲလို့ မေးနေတာလေ"

"ရောက်တော့ သိမှာပေါ့"

သူ့အမူအရာတွေ ထူးထူးခြားခြားပြောင်းလဲသွားတာကိုတော့ သူမ
သတိပြုမိပါသည်။ သူ ဘာကိုမှ စိတ်ဝင်စားပုံမရ။ ကားကိုသာ ဂရုစိုက်မောင်း
နေသည်။

သူချိုးကွေ့ဝင်သွားသောနေရာက ဘုရားရှိခိုးကျောင်းဝင်းတစ်ခု။ သူမ
မသိဘဲနေပါ့မလား။ သည်နေရာဟာ သူမ အထိတ်တလန့်ရှိခဲ့သောနေရာ
သွေးပျက်ခဲ့သောနေရာ။ ပြဇာတ်ဆရာ နီမောင်၏ ညွှန်ကြားရာသို့ လိုက်ဝင်ခဲ့
သောနေရာ။ ဘာကြောင့်များ ကြည်ဖော်ဦး သည်နေရာသို့ခေါ်လာရပါလိမ့်။

သူက ကားကို တံခါးနဲ့ရပ်လိုက်သည်။ ထို့နောက် ... ဆင်းသည်
မျှော်စင်ကြီးပေါ်သို့ လှမ်းမျှော်ကြည့်ကာ ...

"ဆင်းလေ ... "

"ဟင့်အင်း ... ဟင့်အင်း ... မဆင်းချင်ဘူး"

"ခဏလေးပါ ဂျူးဂျူးရယ်၊ ပြီးရင် အားလုံးပြီးသွားမှာပါ"

"အစ်ကို့စကားက ဘာစကားလဲ"

"နောက်တော့သိမှာပါ ... ခုတော့ ဆင်းခဲ့ပါဦး"





သူမ မနေသာတော့ ဆင်းလိုက်ရသည်။ ထို့နောက် သူက မိုးမိုး
ဆုံးရာနေရာလေးအထိရောက်အောင် လက်ဆွဲခေါ်သွားသည်။ သူမမှာ
ဟောင်းတွေက အသစ်ဖြစ်ခဲ့သည့်မို့ ခေါင်းထဲ မိုက်ခနဲ ... မိုက်ခနဲ။

"မိုးမိုးဆုံးသွားတာ ဒီနေရာပဲ"

"ဘာလို့လဲဟင်"

သူ့မျက်နှာတွင် နာကြည်းသောအသွင်ဆောင်သွားကာ မဲ့ပြုံးကိုပြုံး
တ်သည်။

"မင်း ... ဒါတွေအားလုံးသိရက်သားနဲ့ကွာ"

"အစ်ကို"

"မင်းဆက်မညာချင်တော့ပါနဲ့၊ ငါအားလုံးစုံစမ်းပြီးသွားပြီ"

"အစ်ကို ဘာတွေပြောနေတာလဲ"

"မိုးမိုးဟာ ကိုယ့်ကိုဘာပြောခဲ့သလဲ သိလား။ ကျွန်မ မရှိတော့တဲ့
နေ့ကျရင် မောင့်ကို ကျွန်မ သိပ်ချစ်ခဲ့တယ်ဆိုတာ သိလိမ့်မယ်တဲ့၊ ငါ့ကို
ည်း အမြဲတမ်းချစ်နေမယ်တဲ့"

သူပြောသမျှ[illegible]ဂျူးဂျူးနားထောင်နိုင်စွမ်းမရှိတော့။ သူမကိုဆွဲထား
ည့်လက်များကို အတင်းတွန်းဖယ်ရင်း ထွက်ပြေးရန်ပြင်သည်။

"ကိုယ် ... သူ့နောက်ကို လိုက်ခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ်သိပ်
နောက်ကျသွားပြီ"

ကြည်ဖော်ဦး၏အသံမှာ နောင်တများနှင့်အတူ ခံပြင်းဒေါသထွက်လျက်
သည်။

"ဂျူးဂျူးပြန်ရစေတော့ အစ်ကိုရယ် ... ပြန်ပါရစေတော့"

"မင်းလုပ်ခဲ့တာတွေ ငါက အကုန်လိုက်ရှင်းပြနေရဦးမှာလား၊ ဒီမယ်
အစကနေ အဆုံးထိ ပြန်ပြောပြမယ် ... နားထောင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဂျူးဂျူးကို မျှော်စင်လှေကားထိ ဆွဲခေါ်ရင်း ဖြစ်ခဲ့သမျှ ဇာတ် လမ်းကို မနားတမ်းရှင်းပြနေသည်။

"ငါ သူ့နောက်ကို ကြိုးစားလိုက်ခဲ့ပါသေးတယ်၊ ဘယ်လိုမှ အပေါ် လိုက်မတက်နိုင်ဘူး။ အခွင့်အရေးတစ်ခု လက်လွှတ်ဆုံးရှုံးသွားပြီဆိုရင် နောက် တစ်ကြိမ် ပြန်ရလေ့သိပ်မရှိဘူး၊ ငါ့ကိုခြောက်လှန့်ခဲ့တဲ့ဟာတွေကို ငါကိုယ်တိုင် ပြန်ပြီးဖယ်ရှားချင်နေတာ"

"ကျွန်မကို လွှတ်ပါ၊ ကျွန်မကိုလွှတ်ပါ အစ်ကိုရယ်"

ဂျူးဂျူးကို ရှေ့မှတွန်း၍ တက်ခိုင်းကာ သူကနောက်မှထပ်ကြပ်မကွာ လိုက်သည်။

တဖြည်းဖြည်းအမြင့်သို့ ရောက်လာ၏။ လှေကားကြီးမှ ငုံ့ကြည့် သည့်အခါ အောက်ခြေမြင်ကွင်းများက ဝေးလာလိုက်၊ နီးလာလိုက်။ သူ မူးဝေ ပြလာသည်။

ဂျူးဂျူးကတော့ ငိုရင်းရှိုက်ရင်း ရုန်းဖယ်ရင်း တဖြည်းဖြည်း မျှော်စင် ထိပ်တက်ဆီသို့ ရောက်လာ၏။

"ဒီနေရာဟာ ငါနောက်ဆုံးရောက်ခဲ့တဲ့နေရာပဲ မင်းကတော့ ရှေ့ဆက် တက်သွားတယ်လေ၊ ကဲ … ဒါတွေအားလုံး မင်းသတိပြန်ရပါပြီနော် ဟား ဟား … ဟား … "

သူက ခနဲ့တဲ့တဲ့ဖြင့် ခြောက်ကပ်စွာရယ်လိုက်သည်။ သူ့မျက်နှာပေါ် တွင်တော့ ချွေးတွေတရဟောစီးထွက်နေသည်၊ သူ့ရယ်သံကြောင့် ဂျူးဂျူး သူ့ကို ကြောက်လန့်တကြားကြည့်မိသည်။

"မင်းတို့ရဲ့ ဇာတ်လမ်းတွေကို ငါစုံစမ်းပြီးပြီလို့ဆိုရင် မင်းယုံ မလား ဂျူးဂျူး၊ မင်းအိမ်မှာကတော့ ချောင်းသာနောက်ဆုံးနေ့မှာ ပေါ လည်ပင်းမှာဆွဲထားတဲ့ ပတ္တမြားလည်ဆွဲပဲ၊ ဒါဟာ မင်းရဲ့တစ်ကွက်မှားသော





ကျားပဲ၊ နောက်တော့မှ နီမောင်နဲ့မင်းတို့ရဲ့ ပူးပေါင်းကြံစည်မှုကို သိလိုက် တာပဲ"

"အစ်ကို"

"မင်း ငါ့ကို ဒီလိုဘယ်တော့မှ မခေါ်နဲ့၊ မင်းကိုငါဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ အစက မင်းကို မိုးမိုးနဲ့တူလို့ချစ်မိသွားပေမယ့် … အခုတော့"

သူက ပြောပြောဆိုဆို တဝေါဝေါထိုးအန်နေပါတော့၏။

"အစ်ကို အားလုံးရဲ့အဖြစ်မှန်ကို သိသွားပြီပေါ့"

"ဟုတ်တယ် … အဲဒါကြောင့်လည်း မင်းမိုးမိုးဖြစ်သလို ဖြစ်စေရမယ်၊ အပေါ်ဆက်တက် … "

"အစ်ကိုက အမြင့်ဆက်တက်လို့မှမရတာ"

"မိုးမိုးအတွက်ဆိုရအောင်တက်မယ်၊ ဆက်တက် … "

"ဂျူးဂျူး အစ်ကို့ကို အရမ်းချစ်တယ်"

သူ တဝေါဝေါနှင့်ထိုးအန်နေပြန်ပါသည်။ သို့သော် ပါးစပ်ကတော့

"နင့်ကို အရမ်းမုန်းတယ်၊ မုန်းတယ် … ဆက်တက်"

"ဂျူးဂျူးလေ မိုးမိုးလိုအမြင့်က ခုန်ချပေးရမလားဟင်"

သူ့တွင် မူးဝေအော့အန်ခြင်းနှင့်သတိကို ထိန်းနေရခြင်းသည် အလွန်ပင်ဆိုးဝါးလှပါသည်။ နောက်ဆုံး သူသတိလစ်မေ့မြောသွားပါတော့၏။

✗❖✗



www.burmeseclassic.com

www.burmeseclassic.com

## အေးရာငြိမ်းတု

တောင်ကုန်းလေးပေါ်တွင် စေတီတစ်ဆူရှိသည်။ စေတီရင်ပြင်ပေါ်တွင်တော့ လူနှစ်ယောက်ထိုင်နေကြသည်။ တစ်ယောက်က ကြည်ဖော်ဦးနှင့်တစ်ယောက်က ပန်းချီဆရာမလေးမေသက်။

''အဲဒီတုန်းက ကိုကြည်ဖော် လိမ့်မကျအောင် ကူညီခဲ့တာ ဂျူးဂျူးပဲ၊ ကျွန်မ အပြေးတက်လာတော့ ကိုကြည်ဖော် သတိလစ်နေပြီ''

''မိုးမိုးကို သတ်တဲ့အထဲမှာ သူလည်းပါတယ်''

''အခု အမှုကိုပြန်ဖော်ထုတ်ပေးလို့ ဂျူးဂျူးရော၊ ကိုနီမောင်ပါ ဘရားရင်ဆိုင်နေရပြီလေ၊ ဒီနေရာမှာ ဂျူးဂျူးက အဓိကသက်သေ၊ အမှုကို ပြန်စစ်ဖို့ တောင်းခံတာလည်းသူပဲ မဟုတ်လား ... အဲဒါဘာလို့ထင်လဲ ဗီလား''

သူက ခေါင်းကိုလေးတွဲ့စွာ ခါယမ်းသည်။

''သူ ရှင့်ကို အရမ်းချစ်မိသွားတာပဲ''

နောက်တစ်ကြိမ် သူခေါင်းကိုခါပြန်သည်။

ရဲရင့်အောင်စာပေ



''အဲဒါတော့ ရှင်အတွေ့မကြီးနဲ့၊ မိန်းမတစ်ယောက်ဟာ သူတကယ်
ချစ်မိလာပြီဆိုရင် ဘာမဆိုစွန့်စားရဲတယ်၊ အဲဒါတော့ ယုံကြည်လိုက်''

''သူလုပ်ခဲ့တာတွေကရော''

''ရှင် အဲဒါကို အပြစ်မြင်လို့မဖြစ်ဘူး။ အားကိုးရာမဲ့တဲ့ မိန်းမတိုင်းဟာ
တစ်ခါတလေတော့ အမှားရှိမှာပဲ၊ အခုဟာက သူထောင်ကျနိုင်တယ်''

''နီမောင်ကရော''

''အတိုင်းထက်အလွန်ပေါ့ရှင်၊ လူသတ်မှုကျူးလွန်ခဲ့တာပဲ''

''ဒီကောင် တော်တော်ပိရိသေသပ်ခဲ့တာပဲ''

''သူလည်း သူ့အံစွမ်းနဲ့သူပေါ့ရှင်''

''ဒီကောင်မတရားဘူး''

မေသက်က သဘောကျစွာ ဟက်ဟက်ပက်ပက်လေး ရယ်လိုက်
ရင်း ...

''လက်တစ်ချောင်းကိုထောင်ပြီး တခြားသူကို ပြကြည့်လိုက်၊
ဘက်ကမြင်တာက လက်ဖမိုး၊ ရှေ့တည့်တည့်မြင်တဲ့လူက လက်ဖဝါး ဒီလိုပါပဲ
အမြင်ချင်းတူချင်မှတူမှာလေ''

''ဒါဆို ဘယ်သူမှားလဲ''

''အမှားနဲ့အမှန်ဆိုတာ ရှင်းရှင်းလင်းလင်းကြီးပါ ကိုကြည်ဖော်
ပြောနေစရာတောင်မလိုပါဘူး၊ အခုချိန်မှာ အရေးကြီးတဲ့မေးခွန်းတစ်ခုပဲ
စရာရှိတယ်၊ အဲဒါက ရှင် ဂျူးဂျူးကို တကယ်ချစ်မချစ်၊ အဲဒါပဲ ဖြေရလိမ့်
ရှင် သေသေချာချာ ... ''

ထိုစဉ်ခဏ သူငိုင်သွားသည်။ ပြောလာမယ့်အဖြေကို စောင့်
မေသက်။

သို့သော် ...

ရဲရင့်အောင်စာပေ

www.burmeseclassic.com

ဘာအဖြေကိုမှ တိတိပပမဖြေနိုင်သေးသူက ကြည်ဇော်ဦးပဲ ဖြစ်နေပါတယ်။

ဆက်လက်ကြိုးစားပါဦးမည်။

ဂန္ဓာရီဝိဇ္ဇာ

[illegible]